Network for Democracy and Development
Documentation and Research Department
P.O Box 179, Mae Sod, Tak, 63110, Thailand. Tel : 66 81 7241281,. E-mail : ndddrd07@gmail.com

# တစ်လအတွင်း မြန်မာ့သတင်း (၂၀၀၉ ခုနှစ်၊ ဧပြီလ)

ဧပြီလ (၁)

- မတ်လတွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၁၀) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးဆုံးသွားပြီးနောက် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် **Mr. Tomas Ojea Quintan** အား တာဝန်သက်တမ်း တစ်နှစ်ထပ်တိုးပေးလိုက်သည်။ **(NEJ 010409)**
- မြန်မာနိုင်ငံတွင် ယခင်လက ကြက်သွန်နီအသစ်များ ပေါ်ချိန်မှစတင်ကာ ကြက်သွန်နီဈေးကျပြီး ရန်ကုန်ဘုရင့်နောင်ပွဲရုံမှတဆင့် ထိုင်း–မြန်မာနယ်စပ် မြဝတီမြို့သို့ ရောက်ရှိလာသော ကြက်သွန်နီများကို ထိုင်းကုန်သည်များက တစ်ပတ်လျှင် တန်ချိန် (၂၀၀) ခန့် တရားဝင်ဝယ်ယူ တင်သွင်းလျက်ရှိသည်။ **(NEJ 010409)**
- မြန်မာ့ စီးပွားရေးသည် ၂၀၀၈–၂၀၀၉ ခုနှစ်၌ (၁၀.၇) ရာခိုင်နှုန်းတိုးတက်ရန် လျာထားသည်ဟု ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နေပြည်တော် ကုန်သည်ကြီးများအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားခဲ့သော်လည်း အမှန်တကယ် စီးပွားရေးတိုးတက်မှုသည် (၅) ရာခိုင်နှုန်းသာရှိနိုင်သည်ဟု မကြာခင်က ထုတ်ပြန်ခဲ့သည့် **ADB** အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာတွင် ထောက်ပြထားသည်။ **(NEJ 010409)**
- ယမန်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ပြုလုပ်သည့် နိုင်ငံခြားသား အလုပ်သမားများ စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် ပြည်ပအလုပ်သမား (၄) သိန်းကျော်ကို တရားဝင် နေထိုင်အလုပ်လုပ်ခွင့်ပြုရန် အလုပ်သမားဝန်ကြီးဌာနက စီစဉ်နေကြောင်း အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ရေးရာဌာန ညွှန်ကြားရေးမှူးချုပ် **Pichai Ekpithakdamrong** က ပြောကြားခဲ့သည်ဟု ထိုင်းနိုင်ငံထုတ် **The Nation** သတင်းစာ အင်တာနက်စာမျက်နှာတွင် ယနေ့ ဖော်ပြထားသည်။ **(Irrawaddy 010409)**
- မြန်မာနိုင်ငံမှ စင်္ကာပူနိုင်ငံသို့ တင်သွင်းသည့် လက်ဖက်အမျိုးအစား ၂၀ မျိုးတွင် အဝါရောင်ဆိုးဆေး **(Auramine O)** များပါဝင်ပြီး မြန်မာနိုင်ငံကျန်းမာရေးဌာနမှ ထုတ်ပြန်ခဲ့သည့်စာရင်းထဲတွင် မပါရှိသေးသော နာမည်ကျော် ယုဇနလက်ဖက်နှင့် စိုးဝင်းတီးမစ်တို့လည်း ပါဝင်နေသည်ဟု စင်္ကာပူ စားသောက်ကုန် စိစစ်ရေးဌာန **Agri-Food and Veterinary Authority (AVA)** ၏ အင်တာနက်စာမျက်နှာတွင် မတ်လ ၃၀ ရက်နေ့က ထုတ်ပြန်ဖော်ပြထားသည်။ **(Irrawaddy/ DVB 010409)**
- နအဖစစ်အစိုးရမှ ပြုလုပ်ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ရန် လျာထားသော ကြံ့ဖွံ့အဖွဲ့ဝင်များနှင့် အစိုးရလိုလားသူများကို အများပြည်သူများအကြားတွင် ကောင်းမွန်သည့် ဆက်ဆံရေး တည်ဆောက်ရန် မကြာသေးခင်က ညွှန်ကြားထားကြောင်း ကြံ့ဖွံ့အဖွဲ့နှင့် နီးစပ်သူများက ပြောသည်။ **(Irrawaddy 010409)**
- မကွေးမြို့တွင် လူနေထူထပ်ပြီး ဆင်းရဲသားရပ်ကွက်များဖြစ်သည့် မကွေးမြို့ဟောင်းရပ်ကွက်နှင့် ကင်းရပ်ကွက်တို့၌ နေထိုင်သူများ ကာလဝမ်းရောဂါ အဖြစ်များနေပြီး အထူးသဖြင့် အသက် ၅ နှစ်ကနေ ၈ နှစ်အကြား ကလေးငယ်များ ပိုမိုဖြစ်ပွားနေကြောင်း မြို့ခံတစ်ဦးက ပြောသည်။ **(DVB/ VOA 010409)**
- ရေလုပ်ငန်းရှင် ဦးကျော်တင်သည် ဆံတော်အေးစေတီ ဝတ္တကနယ်မြေအတွင်း အရက်ဆိုင်လာဖွင့်သောကြောင့် တွံတေးမြို့ ဘုရင့်နောင်ရပ်ကွက်တွင် နေထိုင်သည့် ဒေသခံများက မကျေနပ်ကြသဖြင့် ပြီးခဲ့သည့် မတ်လ ၂၀ ရက်နေ့မှ စတင်ပြီး နောက်ဆုံးနေ့ဖြစ်သည့် ယနေ့ ဧပြီလ ၁ ရက်နေ့အထိ ၄ ရက်ဆက်တိုက် ဆန္ဒပြနေကြောင်း ဒေသခံများက ပြောသည်။ **(RFA 010409)**

- ရှမ်းပြည်မြောက်ပိုင်း မိုးမိတ်မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ရွာများတွင် မကြာခင်ကျရောက်တော့မည့် သင်္ကြန်အတွက် လွန်ခဲ့သည့် တစ်ပတ်လောက်မှစ၍ ဒေသခံအာဏာပိုင်များမှ သင်္ကြန်ကြေးဟုဆိုကာ တစ်အိမ်ကို အနည်းဆုံး ကျပ် ၅,၀၀၀ နှင့် အများဆုံး ကျပ် ၁၀,၀၀၀ အထိ လိုက်လံကောက်ခံနေကြောင်း ဒေသခံများက ပြောသည်။ **(RFA 010409)**
- အင်တာနက်နှင့် လက်ကိုင်ဖုန်း သုံးစွဲသူများအခွင့်အရေးကို စောင့်ကြည့်တင်းကျပ်ပြီး ဆင်ဆာလုပ်နေသည့် ၁၅ နိုင်ငံထဲတွင် မြန်မာနိုင်ငံပါဝင်ပြီး အာဆီယာနိုင်ငံအတွင်းတွင် မြန်မာနိုင်ငံသည် အဆိုးဆုံးနိုင်ငံဖြစ်သည်ဟု အမေရိကန်အခြေစိုက် **(Freedom House)** သတင်းလွတ်လပ်ခွင့်အဖွဲ့ကြီးက လေ့လာချက်သစ်တစ်ရပ် ထုတ်ပြန်လိုက်သည်။ **(RFA 010409)**
- နှစ်စဉ်စီးပွားရေးဈေးကွက်ဖြစ်နေသည့် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ရေးသည် ယနှစ်မြန်မာ့ရိုးရာ နှစ်သစ်ကူးချိန်နီးလာသည်နှင့်အမျှ ရန်ကုန်တွင် သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ခွင့်ရသူများက ခွင့်ပြုချက်အမိန့်ကို ကျပ်သိန်း (၄၀) အထိ ဈေးခေါ် ရောင်းချမှုများ ရှိနေသည်ဟု ဆိုသည်။ **(Mizzima 010409)**
- ၂၀၁၀ ရွေးကောက်ပွဲတွင် စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်နိုင်ရေးအတွက် ပါတီနိုင်ငံရေး ကင်းရှင်းရမည် ဆိုသည့် စည်းကမ်းချက်ကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် **- UMFCCI** ၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ပယ်ဖျက်လိုက်သည်။ **(Mizzima 010409)**
- "**Eleven Whisky** ဟု သုံးစွဲခြင်းနှင့် **Logo** ဆင်တူမှုတို့ကြောင့် **Eleven Media Group** ၏ ဂုဏ်သိက္ခာအား ထိပါးစေသည်" ဟု သတိပေးခဲ့ပြီးနောက် **Lucky Eleven Whisky** ကုမ္ပဏီ အရက်ကြော်ငြာအား စာစောင်၊ ဂျာနယ်များတွင် ထည့်သွင်းနေခြင်းကို ဆိုင်းငံ့ထားရန် စာပေစိစစ်ရေးက တားမြစ်လိုက်သည်။ **(Mizzima 010409)**
- ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး လူထုဆန္ဒလက်မှတ် ကောက်ခံသည့် လှုပ်ရှားမှုကို တက်တက်ကြွကြွ ဆောင်ရွက်နေကြပြီး မတ်လ ၂၄ ရက်နေ့က ဧည့်စာရင်းမတိုင်မှုကြောင့် တစ်ပတ်ထောင်ဒဏ်ချခံခဲ့ရသော အဖွဲ့ချုပ်လူငယ် ကိုစန်းမြင့်၊ ကိုကျော်သူလင်း၊ ကိုဇော်မျိုးလတ်နှင့် မိဘမေတ္တာ ငါးဒိုင်ပိုင်ရှင် ဦးခင်ဇော်တို့ (၄) ဦး ပြန်လွတ်လာသည်။ **(DVB 010409)**
- ပြီးခဲ့သည့် မတ်လ (၁၇) ရက်နေ့က ကရင်လူမျိုးများအများစု နေထိုင်သော ထိုင်း–မြန်မာနယ်စပ် မယ်လနှင့် နို့ဖိုး ဒုက္ခသည်စခန်းအတွင်း မြန်မာပြည်မှလာသည့် အမွေးအကြိုင်နှင့် ဆေးဝါးများတွင် ခဲနှင့် အဆိပ်ပြင်းသည့် ဓါတုပစ္စည်းများ ပါဝင်နေသည်ဟု သုတေသနပြုချက် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။ **(Kantarawaddy Times 010409)**
- လွန်ခဲ့သည့် မတ်လ ၂၈ ရက်နေ့၌ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူ–သံဖြူဇရပ်ကားလမ်းတလျှောက်တွင် **KNU** တပ်ရင်း (၁၆)က ရတခလက်အောက်ခံ ခလရ (၃၂) စစ်ကြောင်းကို ပစ်ခတ်ရာ နအဖတပ်ဖက်မှ (၁) ဦးသေဆုံးပြီး (၁) ဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်ဟု နယ်စပ် စစ်သတင်းရပ်ကွက်များက ဆိုသည်။ **(IMNA 010409)**
- **KNU** ဥက္ကဌဟောင်း ဗိုလ်ချုပ်ကြီး စောဘိုမြ၏သား စောနေစိုးမြ ခေါ် စောတေးလေးနှင့် တပ်ဖွဲ့ဝင်စုစုပေါင်း ၇၈ ဦး၊ မိသားစုဝင် ၁၂၀ ကျော်ခန့် လက်နက်ကြီးငယ် ၂၅ လက်နှင့်အတူ နအဖထံဝင်ရောက်လာခြင်း အခမ်းအနားကြိုဆိုပွဲတစ်ရပ်ကို လွန်ခဲ့သည့် မတ်လ ၃၀ ရက်နေ့ မြဝတီမြို့၌ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ **(Kaowao News 010409)**
- မြန်မာနိုင်ငံမှ ထွက်သည့်လက်ဖက်များသည် ဆိုးဆေး **(Auramine O)** ဆေးသုံးသည့်အတွက် မလေးရှား၌လည်း လက်ဖက်နှင့် လက်ဖက်ထွက်ပစ္စည်းများကို တင်းကျပ်သည့် စစ်ဆေးမှုများ ပြုလုပ်နေသည်ဟု သိရသည်။ **(Bernama/ VOB 010409)**
- ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေပြီး လုပ်သားအခွင့်အရေး ဆုံးရှုံးနေသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား ကူညီရန် ထိုင်းအခြေစိုက် **Human Rights and Development Foundation** နှင့် **Thai Labour Solidarity Committee** မှ တိုက်တွန်းလိုက်သည်။ **(DVB 010409)**
- နအဖ ကုန်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ်တင်နိုင်သိန်း ဦးဆောင်သည့် ကြံ့ဖွံ့ **(USDA)** အဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသည်ဟု ဆိုသည်။ **(HANOI/ VOB 010409)**
- မြန်မာ နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသခံများအတွက် အမေရိကန်သည် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှတဆင့် ဆန်တန်ချိန် ၁၆,၀၀၀ သွားရောက်လှူဒါန်းသည့် ခရီးစဉ်တွင် နအဖသတင်းဌာနများမှ သတင်းထောက် ၅ ဦး လိုက်ပါသွားသည်ဟု ဆိုသည်။ **(DPA/ VOB 010409)**

- နအဖ စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲကို ရခိုင်ပြည်သူများ စိတ်ဝင်စားလာစေရေးအတွက် စစ်တွေတွင် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက စစ်အာဏာပိုင်များနှင့် ပေါင်း၍ **FM** ရေဒီယိုအသံလွှင့် လုပ်ငန်းထူထောင်နေသည်ဟု ဆိုသည်။ **(Narinjara 010409)**

ဧပြီလ (၂)

- ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ချထားမှုအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ဝန်ကြီးချုပ်ထံ မေတ္တာရပ်ခံမှုကို မတ်လ (၁၃)ရက်နေ့တွင် ပြုလုပ်ခဲ့သော်လည်း နအဖအစိုးရထံမှ အကြောင်းကြားမှု တစုံတရာမရှိခဲ့သောကြောင့် နှစ်ကူးနှုတ်ခွန်းဆက်စာနှင့်အတူ ဧပြီလ (၈)ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံစာ ပေးပို့သွားမည်ဟု ရှေ့နေ ဦးကြည်ဝင်းက ပြောသည်။ **(NEJ 020409)**
- ယခုလ သင်္ကြန်အကြိုဖျော်ဖြေပွဲကို စက်ာပူနိုင်ငံတွင် ပြုလုပ်သွားမည်ဟု စီစဉ်ထားသော်လည်း နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမှု အဆင်မပြေသောကြောင့် သွားရောက်နိုင်မှုအခြေအနေ အလွန်နည်းပါးနေပြီဖြစ်ကြောင်း အဆိုတော် ဆောင်းဦးလှိုင်က ပြောသည်။ **(NEJ/ Mizzima 020409)**
- မတ်လ (၃၀)ရက်နေ့တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် လမ်းတံတား အသုံးပြုခ ကောက်ခံရေးဂိတ်များအတွက် လေလံပွဲပြုလုပ်ခဲ့ရာ လေလံကြေးများ စံချိန်တင်မြင့်တက်ခဲ့ခြင်းကြောင့် လမ်းတံတား အသုံးပြုခများ ဆက်လက်မြင့်တက်ဦးမည်ဟု ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်နေသူများက ပြောသည်။ **(NEJ 020409)**
- ၂၀၀၉ ခုနှစ်၊ ဧပြီ (၁၃) မှ (၁၆) ရက်နေ့အထိ (၄)ရက်ကြာ ကျင်းပမည့် နှစ်ကူးသင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုနှင့် တေးသီချင်း သီဆိုခြင်းများ မပြုလုပ်ရန် အပြင် နိုင်ငံရေးသင်္ကေတပါ အဝတ်အစားများ မဝတ်ရန် သတိပေးစည်းကမ်းချက်များကို မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ဂီတသမားများအား ညွှန်ကြားထားသည်။ **(Irrawaddy 020409)**
- မြန်မာပြည်တွင်းရှိ အင်တာနက် အသုံးပြုနိုင်မှု အခြေအနေများ ဧပြီ (၃)ရက်နေ့မှ ကောင်းမွန်နိုင်မည်ဟု မြန်မာ့ဆက်သွယ်ရေးဌာနက တတိယအကြိမ်အဖြစ် ထပ်မံကြေညာလိုက်သည်။ **(Irrawaddy 020409)**
- မြန်မာ့အရေး ကြားဝင်ဖြေရှင်းရာတွင် မြောက်ကိုရီးယား ချူကလီးယားအရေးတွင် နိုင်ငံတကာ၏ ခြောက်ပွင့်ဆိုင် ညှိနှိုင်း ဆွေးနွေးသည့် နည်းလမ်းမျိုးကို အသုံးပြုရန် စဉ်းစားနေသည်ဟု အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျင်စတိုင်းဘတ် က ယမန်နေ့တွင် ပြောကြားလိုက်သည်။ **(Irrawaddy/ Mizzima 020409)**
- ပဲခူးတိုင်း၊ သာယာဝတီမြို့နယ် သုံးဆယ်ဆည်ဆောက်လုပ်ရေးဝန်ထမ်းများ နေထိုင်ရန်အတွက် တောင်သူပိုင်လယ်မြေကို ဆည်ဆောက်လုပ်ရေး တာဝန်ရှိသူများက သိမ်းယူလိုက်ခြင်းကို အထက်အာဏာပိုင်များသို့ တိုင်းတန်းခဲ့သော်လည်း အရေးယူဆောင်ရွက်ပေးခြင်းမရှိကြောင်း ဒေသခံများက ပြောသည်။ **(Yoma3 020409)**
- မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးပြန်လည်ထွန်းကားရေးနှင့်  တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာစစ်အစိုးရ အာဏာပိုင်များအပေါ် ပြင်းထန်သည့် ပြစ်ဒဏ်ခတ်အရေးယူမှုများ လုပ်ဆောင်ပေးပါဟု **KNU** က ပန်ကြားလိုက်သည်။ **(VOB 020409)**
- ဂျပန်အစိုးရက မြန်မာနိုင်ငံမှ နအဖအရာရှိ ၅ ဦးကို ဖိတ်ကာ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား လေ့လာသင်ကြားမှုများ ပြုလုပ်ပေးနေသည်ဟု သတင်းထွက်ပေါ်လာခဲ့သည့်နောက် တိုကျိုရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများက ဂျပန်အစိုးရ၏ ယခုလိုလုပ်ရပ်မျိုးကို ကန့်ကွက်ရှုတ်ချပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ **(VOB 020409)**
- မိသားစုထောက်ပံ့ကြေးစရိတ်နှင့် ကလေးများ ပညာသင်စရိတ်၊ ကျန်းမာရေးစရိတ်ပါ ဖြတ်တောက်ခံနေရသည့် အတွက် ပြီးခဲ့သည့် မတ်လ ၃၀ နှင့် ၃၁ ရက်နေ့က မြန်မာဒုက္ခသည် မိသားစုတစ်စုမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး **UNHCR** ရုံးရှေ့တွင် အစာငတ်ခံ ဆန္ဒပြခဲ့သည်။ **(DVB 020409)**
- ပြီးခဲ့သည့်အောက်တိုဘာလက အာဆီယံချာတာ၌ အသစ်ဖွဲ့စည်းလိုက်သည့် လူ့အခွင့်အရေးကောင်စီအနေဖြင့် သိက္ခာရှိရှိ လုပ်ဆောင်နေတာ ပေါ်လွင်စေရန်နှင့် မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသည်ကို ပြသရန်အတွက် အထိန်းသိမ်းခံနိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးသင့်သည်ဟု ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး **Romulo** မှ ဧပြီ ၂ ရက်နေ့က ပြောကြားလိုက်သည်။ **(RFA 020409)**
- အမေရိကန်နိုင်ငံ၌ သမ္မတအသစ် **Barack Obama** တက်လာပြီးနောက် မြန်မာနိုင်ငံအပေါ် ထားရှိသည့် နိုင်ငံခြားရေးမူဝါဒကို ပြန်လည်လေ့လာ သုံးသပ်နေသည်ဟု နိုင်ငံခြားရေးဌာနက သတင်းထုတ်ပြန် ကြေညာခဲ့သည်။ **(VOA 020409)**

- ❑ နိုင်ငံရေးအကျဉ်းသားများကို တစ်လတစ်ကြိမ် ထောင်ဝင်စာတွေ့ခွင့်ရသော်လည်း နယ်ဝေးထောင်များသို့ သွားလာရေး အခက်အခဲကြောင့် နှစ်လတစ်ကြိမ်မှ လာရောက်တွေ့ဆုံနိုင်သည့် မိသားစုဝင်များအနေဖြင့် လာရောက်တွေ့ဆုံစဉ် ရက်ခြားပြီး တစ်ကြိမ်ထက်ပိုပြီး တွေ့ဆုံခွင့်ပြုသင့်သည်ဟု မိသားစုဝင်များက ဆိုသည်။ **(RFA 020409)**
- ❑ အင်ဂျင်နီယာကြိမ်းစခန်းရှိ အကျဉ်းသား ၈၀ ရာခိုင်နှုန်းသည် အဝမ္မသက်နှံအချတ်ခံရသူ ရဟန်းများအပါအဝင် မတရား အကျဉ်းချခံနေရသူများ ဖြစ်သည်ဟု ထွက်ပြေးလွတ်မြောက်လာသည့် ကိုအောင်မျိုးပိုင်က ဆိုသည်။ **(Kaowao News/ VOB 020409)**
- ❑ သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရ၏ညီ ကိုအောင်ကိုကိုလွင်နှင့် ၈၈ ကျောင်းသားများနှင့် ပတ်သက်သူ ကိုဇေယျာဦးတို့ကို အင်းစိန်ထောင်မှ ရခိုင်ပြည်နယ် ကျောက်ဖြူထောင်သို့ ယနေ့ ပြောင်းရွှေ့လိုက်သည်ဟု မိသားစုဝင်တစ်ဦးက ဆိုသည်။ **(DVB 020409)**
- ❑ ပြည်ပရောက် ညွန့်ပေါင်းအစိုးရ **NCGUB** သည် အရှေ့တီမောနိုင်ငံတွင် တရားဝင်ရုံး ဖွင့်ခွင့်ရရှိရေးအတွက် ဒေါက်တာစိန်ဝင်း ဦးဆောင်သည့်အဖွဲ့သည် လွန်ခဲ့သည့် မတ်လ ၃၀ ရက်နေ့တွင် အရှေ့ဒီမောသမ္မတ ရာမို့စ်ဟော်တာဟာနှင့် သွားရောက်ဆွေးနွေးခဲ့သည်ဟု ဆိုသည်။ **(DVB 020409)**
- ❑ မြန်မာနိုင်ငံတွင်းမှ မည်သည့်လေယာဉ်ကွင်းမဆို ရောက်အောင်သွားပြီး အရေးပေါ်လူနာဆေးကုသမှု ပေးမည့် ပုဂ္ဂလိက လေယာဉ်ဆေးရုံကို စတင်လုပ်ဆောင်ရန် စီစဉ်နေသည်ဟု ဆိုသည်။ **(XINHUA/ VOB 020409)**
- ❑ မြန်မာနိုင်ငံထဲမှ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ စပါးမှောင်ခိုသွင်းယူရောက်ချမှုများသည် အမြတ်အစွန်း မြောက်များစွာ ရရှိကြသဖြင့် လုပ်ကိုင်လာသူများ များပြားလာသည်ဟု ဆိုသည်။ **(The Nation/ VOB 020409)**

ဧပြီလ (၃)

- ❑ ရန်ကုန်တိုင်း ဗိုလ်တစ်ထောင်မြို့နယ် လမ်းသွယ် (၄) တိုက်အမှတ် (၆–၈) (၄) လွှာ (ယာဘက်ခြမ်း) အခန်းတွင် နေထိုင်သည့် သင်္ဘောသားဇနီးမောင်နှံ (၂)ဦးအား အသတ်ခံရကြောင်း ဆိုသည်။ **(NEJ/ Irrawaddy 030409)**
- ❑ ၂၀၀၈ ခုနှစ်၊ မေလ ၂–၃ ရက်နေ့တွင် လေမုန်တိုင်းတိုက်ခတ်ခံခဲ့ရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း မြို့နယ်အချို့ရှိ လေဘေးသင့်ပြည်သူအများစု နေထိုင်သည့် တဲသာသာအိမ်များ၏ ခိုင်ခန့်မှုနှင့်ပတ်သက်၍ မိုးရာသီ ဝင်ရောက်ချိန်နီး လာသည့်အတွက် စိုးရိမ်ပူပန်နေကြသည်ဟု ဒေသခံများက ဆိုသည်။ **(NEJ 030409)**
- ❑ နအဖနှင့် ငြိမ်းချမ်းရေးရယူထားသည့် ကရင်ခွဲထွက်အဖွဲ့များအပါအဝင် ငြိမ်းချမ်းရေးအဖွဲ့များအားလုံး နအဖကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲအပြီးတွင် လက်နက်များ ဖြုတ်သိမ်းမည်မဟုတ်ဘဲ နယ်ခြားစောင့်တပ်များအဖြစ် ပြန်လည်ဖွဲ့စည်းပေးမည်ဟု နအဖ စစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆိုသည်။ **(NEJ 030409)**
- ❑ မဲဆောက်မြို့ ကပ်ဖီဘန်းရပ်ကွက်ရှိ ထိုင်ဝမ်လူမျိုးပိုင်သည့် ဟိုင်းအပ် **(Hyatt)** စက်ရုံတွင် ယနေ့နံနက်ပိုင်း အလုပ်ဆင်းချိန်အထိ တံခါးဖွင့်ပေးခြင်းမရှိဘဲ စက်ရုံပိတ်လိုက်ကြောင်း ကြေညာစာကပ်လိုက်သဖြင့် အလုပ်သမား ၂၀၀ ခန့် အလုပ်လက်မဲ့ ဖြစ်သွားသည်ဟု အလုပ်သမားတစ်ဦးက ဆိုသည်။ **(Yoma3 030409)**
- ❑ မလေးရှားလူဝင်မှုကြီးကြပ်ရေးက စမ့်ညင်း ထိန်းသိမ်းရေးစခန်း၌ ဖမ်းဆီးထားသည့် မြန်မာအလုပ်သမား ၁၈၀ ကျော်သည် နေရပ်နိုင်ငံ ပြန်ပို့ရေးအတွက် ယမန်နေ့ညနေပိုင်းမှ စတင်ဆန္ဒပြနေသည်။ **(Mizzima 030409)**
- ❑ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ပြုလုပ်နေသော အာရှဒေသအတွင်း မြေမြှုပ်မိုင်းတားဆီးရေး ဆွေးနွေးပွဲတက်ရောက်လာသူ နအဖနိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတစ်ဦးဖြစ်သည့် ဦးကျော်တင့်ဆွေက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသာ မြေမြှုပ်မိုင်းအသုံးပြုပြီး **KNU** သည် အများဆုံးအသုံးပြုနေသည့် အဖွဲ့ဖြစ်သည်ဟု စွပ်စွဲတင်ပြဆွေးနွေးခဲ့သည်။ **(Irrawaddy 030409)**
- ❑ မွန်ပြည်နယ်၊ လမိုင်းမြို့အတွင်းရှိ ဇီဇဝါလမ်းကို ကတ္တရာလမ်းခင်းရန်အတွက် ဒေသခံအာဏာပိုင်တို့သည် ပြည်သူများထံမှ ငွေများကို မပေးမနေရ အတင်းအဓမ္မ ကောက်ခံနေသည်ဟု ဆိုသည်။ **(IMNA 030409)**
- ❑ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ တရုတ်နိုင်ငံသို့ သွားမည့် ဆီလမ်းကြောင်းကို မြန်မာမြေမှ ဖြတ်သန်းသွားရန် တရုတ်– မြန်မာနှစ်နိုင်ငံမှ ပိုက်လိုင်းတည်ဆောက်ရန် စာချုပ်ချုပ်ဆိုမှု ပြီးစီးခဲ့သည်။ **(Asia Times/ VOB 030409)**
- ❑ တရုတ်–မြန်မာနယ်စပ် ရွှေလီ–ကြယ်ဂေါင်တွင် မြစ်ကူးတံတားဟောင်း အုတ်တိုင်ကြား၌ တွေ့ရှိခဲ့သည့် အသက် ၉ နှစ်အရွယ် မြန်မာကလေး၏ အလောင်းကို ငွေမပေးနိုင်သဖြင့် တရုတ်ဆေးရုံက ထုတ်မပေးဟု မိခင်ဖြစ်သူက ဆိုသည်။ **(DVB 030409)**

- ရမ်းပြဲကျွန်းသည် ရေနံနှင့် ဓာတ်ငွေ့အသည်းအသန် ရှာဖွေနေသည့် တရုတ်တို့၏ လက်ချက်ကြောင့် ဒေသခံပြည်သူများ၏ လယ်ယာမြေများ ထိခိုက်ပျက်စီးနေသည်ဟု ဆိုသည်။ **(IPS/ VOB 030409)**

ဧပြီလ (၄)

- ၂၀၀၇ ခုနှစ် စက်တာဘာလုပ်ရှားမှု၊ ၂၀၀၈ ဖွဲ့စည်းပုံဆန္ဒခံယူပွဲ ဆန့်ကျင်မှုစွဲချက်ဖြင့် ဖမ်းဆီးခံထားရသည့် **NLD** မန္တလေးတိုင်း စည်းရုံးရေးမှူး ဒေါ်ဝင်းမြမြကို ယခင်ချမှတ်ထားသည့် ထောင်ဒဏ် ၁၂ နှစ်ကနေ ၄ နှစ် ထပ်လျော့ပြီး ၈ နှစ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်သည်ဟု ပါတီတာဝန်ရှိသူများက ဆိုသည်။ **(DVB 040409)**
- ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးခြင်းအပါအဝင် နအဖဘက်က သိသာသည့်ပြောင်းလဲမှု မပြမချင်း စီးပွားရေး ပိတ်ဆို့ထားမှုကို ပြန်ရုပ်သိမ်းရန် မသင့်သေးဟု အမေရိကန်လွှတ်တော်အမတ် ၁၇ ဦးက နိုင်ငံခြားရေးဝန်ကြီး ဟီလရီ ကလင်တန်ဆီ စာရေးတောင်းဆိုလိုက်သည်။ **(DVB 040409)**
- ထိုင်း–မြန်မာနယ်စပ်မြို့ဖြစ်သည့် မယ်ဆိုင်မြို့ လွယ်ပေါင်းဈေးမှာ မြန်မာနိုင်ငံသားအများစု ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို ဘန်ကောက်ရဲများက ပြီးခဲ့သည့် သောကြာနေ့တွင် ဈေးဆိုင်ပေါင်း ၂၀ ကျော်အပါအဝင် လူများကိုပါ ဖမ်းဆီးခဲ့သည်။ **(DVB 040409)**
- အင်းစိန်ထောင်အတွင်း အကျဉ်းခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုမောင်မောင်မြင့်ကို ထောင်ဝင်စာ တွေ့ချိန်၌ နိုင်ငံရေးစကားပြောသည်ဟုဆိုကာ အာဏာပိုင်များက ထောင်ဝင်စာတွေ့ခွင့် တစ်လတိတိ ပိတ်လိုက်သည်ဟု အမဖြစ်သူ မစိုးစိုးမှ ဆိုသည်။ **(DVB 040409)**
- မြန်မာနိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသော မြန်မာများကို ဖမ်းဆီးရမိသည့်အခါ အင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်က တရားစွဲမှုများ မပြုလုပ်တော့ဘဲ မြန်မာနိုင်ငံသို့ ပြန်လွှတ်လိုက်သည်ဟုဆိုသည်။ **(Mizzima 040409)**
- ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ နာမည်ကြီးနေရာ ၄ ခုဖြစ်သည့် ဦးဥတ္တမပန်းခြံ၊ ဘုရားကြီး၊ ဝေသာလီ အားကစားကွင်းနှင့် ရဲချုပ်ရုံးနေရာများတွင် လုံခြုံရေးအထူး တင်းကြပ်လိုက်သည်ဟု အမည်မဖော်လိုသူ ရှေ့နေတစ်ဦးက ဆိုသည်။ **(Narinjara News 040409)**

ဧပြီလ (၅)

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းက လွန်ခဲ့သည့် ကြာသာပတေးနေ့၌ တွေ့ခွင့်ရခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်တစ်ဦးကဆိုသည်။ **(DVB 050409)**
- တရုတ်–မြန်မာဆက်ဆံရေး ပျက်ပြားအောင် ပြည်ပမီဒီယာများဖြစ်သည့် ဒီဗွီဘီရုပ်သံနှင့် ရေဒီယိုအပါအဝင် ပြည်ပအသံလွှင့်ဌာန အားလုံးနီးပါးက လှုံ့ဆော်နေသည်ဟု နအဖအစိုးရမှ လွန်ခဲ့သည့် မတ်လ ၂၆ ရက်နေ့က စွပ်စွဲပြောဆိုလိုက်သည်။ **(DVB 050409)**

ဧပြီလ (၆)

- မဲဆောက်မြို့တောင်ဘက် ကီလိုမီတာ (၅၀) ခန့်အကွာရှိ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(KNLA)** တည်ရှိရာ တပ်ရင်း (၂၀၁) ဝေါ်လေခီးတပ်စခန်းကို နအဖ ခမရ (၃၅၆) နှင့် **DKBA** တပ်ရင်း (၉၀၇) ပူးပေါင်း တပ်ဖွဲ့ဝင်များက ယနေ့နံနက် (၆) နာရီမှ စတင်ထိုးစစ်ဆင်နေသည်။ **(NEJ 060409)**
- ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးဘူတာရုံ၌ ဒေသခံခရီးသွားများအား မှတ်ပုံတင်နှင့် လူတိုက်ဆိုင်စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်များနှင့် ဘူတာလုံခြုံရေးများက တင်းတင်းကျပ်ကျပ် ပြုလုပ်နေသဖြင့် ဒေသခံများ စိတ်အနှောင့်အယှက် ဖြစ်နေကြသည်။ **(NEJ 060409)**
- ရန်ကုန်မြို့ ယာဉ်အသွားအလာ အထူထပ်ဆုံး နေရာတစ်ခုဖြစ်သော ဗဟန်းရွှေဂုံတိုင် မီးပွိုင့်လမ်းဆုံတွင် ခရီးသည်တင်ယာဉ်များကို ငွေကြေးကောက်ခံရာ၌ ယာဉ်ထိန်းရဲများက တနေ့ (၁၂,၀၀၀) ကျပ်ဖြင့် လူငှားကန်ထရိုက် ပေးထားသည်ဟု ဆိုသည်။ **(NEJ 060409)**
- အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စတွင် ထိုင်း–မြန်မာနယ်စပ်မှ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များပါဝင်ရန် ထိုင်းအစိုးရကို မြန်မာစစ်အစိုးရဘက်မှ ဖိအားပေးသည့်အတွက် ယနေ့ ဘန်ကောက်မြို့တွင် **KNU** ထိပ်ပိုင်းခေါင်းဆောင်အချို့နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမည်ဟု အမည်မဖော်လိုသည့် **KNU** အရာရှိတစ်ဦးက ဆိုသည်။ **(NEJ 060409)**

- ကရင်အမျိုးသားအစည်းအရုံး **KNU** ခေါင်းဆောင်ဟောင်း ကွယ်လွန်သူ ဗိုလ်ချုပ်ကြီး စောဘိုမြ၏သားငယ် ဗိုလ်ကြီးနေစိုးမြအနေနှင့် မြန်မာစစ်အစိုးရဘက်သို့ ကူးပြောင်းသွားသော်လည်း **KNU** ကို ကြီးမားသည့် ထိခိုက်မှုမရှိဟု ဗဟို ဦးဆောင်ကော်မတီဝင် စောဒေးဗစ်ထောက ဆိုသည်။ **(Irrawaddy 060409)**
- ရန်ကုန်မှ ဘုရားဖူးသွားသော ကားတစ်စီးသည် ရခိုင်ပြည်နယ် အန်းမြို့အနီး မဲတောင်အဆင်းတွင် လွန်ခဲ့သည့် သောကြာနေ့က မတော်တဆ တိမ်းမှောက်ခဲ့သဖြင့် ကားပေါ်ပါလာသည့် ဘုရားဖူးလာသူ (၂၀) ဦးထက်မနည်း သေဆုံးခဲ့သည်။ **(Irrawaddy 060409)**
- မြန်မာနိုင်ငံတွင်းမှာ ပရိုလိဂ်ဆိုကာ ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်ကြီးများပိုင်သည့် ကလပ်အသင်း ၈ သင်း ဖွဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ဆိုသည့် ဘောလုံးပြိုင်ပွဲ ကျင်းပပေးတော့မည်ဟု ဆိုသည်။ **(DVB 060409)**
- ထိုင်း–မြန်မာနယ်စပ် ဘုရားသုံးဆူမြို့နယ်တွင် အာဏာပိုင်များမှ ဦးဆောင်ကာ မတ်လ ၁၈ ရက်နေ့မှ စတင်၍ ၃ ပတ်ကြာ ပြည်သူ့စစ်သင်တန်းတစ်ရပ်အား ကျင်းပ၍ ကြံ့ဖွံ့၊ အရန်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် စသောအဖွဲ့ဝင်ပေါင်း (၆၀) ခန့် တက်ရောက်ခဲ့သည်။ **(IMNA 060409)**
- ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်း ခလရ (၁၃၂) အခြေစိုက်ရာ ပလောင်ဒေသ ကျေးရွာများဖြစ်သည့် ဖာလင်း၊ ဆာလု၊ မန်အောင်ကျေးရွာများမှ တစ်ရွာလျှင် လူငယ် ၂၀ ဦးစီ စစ်သင်တန်းများ အတင်းအဓမ္မ တက်ခိုင်းကာ တစ်အိမ်လျှင် ငွေ ၂,၀၀၀ ကျပ်စီ တောင်းခံနေသည့်အတွက် ရွာသူရွာသားများ အခက်အခဲနှင့် ကြုံတွေ့နေရသည်။ **(Yoma3 060409)**
- ၂၀၀၇ ခုနှစ် စက်တင်ဘာလ သံဃာ့လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့မှ ကိုဝင်းမောင်အား ကျောက်ဖြူထောင်မှ လွန်ခဲ့သည့် ဖေဖော်ဝါရီလက လွတ်ငြိမ်းချမ်းသာခွင့် ပြန်လွှတ်သည့်စာရင်းတွင် ပါဝင်သော်လည်း ပြန်မလွှတ်ပေးဘဲ စစ်တပ်က ပေါ်တာခေါ်ယူသွားသဖြင့် မိသားစုဝင်များက အလွန်စိုးရိမ်နေသည်။ **(Yoma3 060409)**
- မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာတရားတော်များ လွတ်လပ်စွာဟောပြောပိုင်ခွင့်မရှိသဖြင့် မကွေးတိုင်း သံဃာတော်များက နယ်လှည့်တရားဟောကြားနိုင်ရေးအတွက် လွန်ခဲ့သည့်အပတ်က လက်မှတ်စတင် စုဆောင်းနေသည်ဟု ဆိုသည်။ **(RFA 060409)**
- ခဲခာတ်နှင့် စိန်ခာတ်ပါဝင်မှုများသည့် အိမ်သုံး မြန်မာတိုင်းရင်းဆေးများနှင့် ပတ်သက်၍ မကြာခင်က အမေရိကန်နိုင်ငံမှ ကြေညာချက်ထုတ်ပြန် တားဆီးခဲ့သော်လည်း မြန်မာနိုင်ငံတွင် ဆက်လက် ရောင်းချနေဆဲဘဲဟု ဆိုသည်။ **(RFA 060409)**
- နာဂစ်မုန်တိုင်းဒဏ်ခံရသည့် ဒေသတချို့တွင် သီးထပ် နွေစပါးများ ရိတ်သိမ်းချိန်နီးလာချိန်၌ လောင်မီးကျပိုးများ ကျနေသဖြင့် အချို့စပါးခင်းများ ရာနှုန်းပြည့် ပျက်စီးသွားသည်ဟု လယ်သမားများက ပြောသည်။ **(RFA 060409)**
- လွန်ခဲ့သည့် အပတ်က ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၊ လျှပ်စစ် (၁) ဝန်ကြီး ဒုဗိုလ်မှူးကြီး ဇော်မင်းနှင့် ပြည်ထဲရေး ဒုဝန်ကြီး ဖုန်းဆွေတို့သည် ရခိုင်ပြည်နယ်သို့ လာရောက်လည်ပတ်ခဲ့နောက် ယခုအပတ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဒုဗိုလ်မှူးကြီးသိန်းညွှန့်နှင့် အနောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ် သောင်းအေးတို့သည် ယနေ့ နေ့လည်တွင် စစ်တွေမြို့မှတဆင့် ဗူးသီးတောင်မြို့သို့ ရောက်ရှိသည်။ **(Narinjar News 060409)**

ဧပြီလ (၇)

- မကြာခင်က ကျင်းပပြီးစီးသွားသည့် ဆယ်တန်းစာမေးပွဲ အဖြေလွှာများကို ဧပြီ (၁) ရက်နေ့ကတည်းက တက္ကသိုလ် အသီးသီးတွင် စတင်အမှတ်ဖျက်နေပြီဖြစ်ကာ အမှတ်ဖျက်ဆရာ၊ ဆရာမများကို လာစောင့်သော အမှတ်စာရင်း ပွဲစားများ ကျောင်းဝန်းကျင်၌ တရုန်းရုန်းရှိနေသည်ဟု ဆိုသည်။ **(NEJ 070409)**
- မြန်မာနိုင်ငံ နယ်စပ်မြို့ဖြစ်သော ကော့သောင်းမြို့၌ လူမှောင်ခိုပွဲစားများ ခြေရှုပ်လျှက်ရှိကာ ဘုန်းကြီးကျောင်းများ သို့သွားကာ တဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်လိုသူများကို စည်းရုံးသိမ်းသွင်းရန် ကြိုးပါးနေသဖြင့် သံဃာတော်အချို့နှင့် မကြာခဏ အချေအတင် ဖြစ်ကြသည်။ **(NEJ 070409)**
- တရုတ်–မြန်မာနယ်စပ် မူဆယ်မြို့မှ အကောက်အခွန်မဲ့ တရုတ်ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ယာဉ် (၁၁) စီးအား ဧပြီလ (၅) ရက်နေ့တွင် မူဆယ်မြို့နယ် အကောက်ခွန်မှူး ဦးဝင်းမြင့် ဦးစီးသည့်အဖွဲ့က (၁၀၅)မိုင်

စစ်ဆေးရေးဂိတ်အလွန် နန့်အွန်ကျေးရွာတွင် ဖမ်းဆီးလိုက်ပြီး ယာဉ်နှင့် ကုန်ပစ္စည်းတန်ဖိုးမှာ ကာလတန်ဖိုး သိန်း (၂,၀၀၀) ကျော် ရှိသည်ဟု နယ်စပ်ကုန်သည်တစ်ဦးက ပြောသည်။ **(NEJ 070409)**

- ❑ လွန်ခဲ့သည့် ဧပြီလ (၃) ရက်နေ့က မြစ်ကြီးနားမြို့ အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် သရုပ်ဆောင်၊ ဒါရိုက်တာ မောင်သူရ ခေါ် ဇာဂနာအား ထောင်ဝင်စာ သွားတွေ့သည့် ခယ်မဖြစ်သူ မငြိမ်းကို ထောင်ဝင်စာ တွေ့ခွင့်မပေးဟု ဆိုသည်။ **(NEJ 070409)**
- ❑ ထိုင်း–မြန်မာ နယ်စပ်တစ်နေရာတွင် ယခုလ ၂–၄ ရက်နေ့အထိ ပြုလုပ်ကျင်းပခဲ့သည့် မြန်မာအတိုက်အခံ အင်အားစုများ ၁၂ ကြိမ်မြောက် မဟာဗျူဟာ ညှိနှိုင်းဆွေးနွေးပွဲတွင် **NCUB, NCGUB, ENC, WLB, FDB, SYCB** နှင့် **NYF** စသည့် အဖွဲ့အစည်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ကာ စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်နှင့် ခိုင်မာကျယ်ပြန့်သော တပ်ပေါင်းစုကြီး ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ **(Mizzima 070409)**
- ❑ ပြည်ပရောက် စာပေမြတ်နိုးသူ မြန်မာနိုင်ငံသားများစုပေါင်း၍ ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့တွင် လူထုဒေါ်အမာ ကွယ်လွန်ခြင်း (၁) နှစ်ပြည့်အောက်မေ့ဖွယ် အခမ်းအနားနှင့်အတူ ပြီးခဲ့သည့် မတ်လကုန်ပိုင်းက ကွယ်လွန်သွားသော ကဗျာဆရာ ကြည်အောင်အား ရည်စူးပြီး ယနေ့နံနက်၌ သံဃာတော်များအား ဆွမ်းကမ်းလှူဒါန်းခဲ့သည်ဟု ကဗျာဆရာ မောင်လွမ်းဏီက ပြောသည်။ **(NMG 070409)**
- ❑ ရန်ကုန်မြို့တွင် ယခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်၌ မဏ္ဍပ်ထိုင် ရေပက်လိုသူများနှင့် ရေပက်ခံထွက်လိုသူများသည် ယခုကတည်းက လူစုပြီး တာစူနေပြီဟု ဆိုသည်။ **(DVB 070409)**
- ❑ ကချင်ပြည်နယ် ပူတာအိုထောင်တွင် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသည့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **(SNLD)** ခေါင်းဆောင် ဦးခွန်ထွန်းဦးသည် မူလခံစားနေရသော ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများ ယခုအခြေအနေ ပိုမိုဆိုးရွားလာသည်ဟု ရှမ်းသံတော်ဆင့်သတင်းက ဆိုသည်။ **(DVB 070409)**
- ❑ နအဖ စစ်အစိုးရ အနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်မှသာလျှင် နိုင်ငံတကာ ဒဏ်ခတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းသွားစေနိုင်ကာ တိုင်းပြည်နှင့် လူထုအတွက် အကျိုးရှိနိုင်မည်ဟု ၈၈ မျိုးဆက်ကျောင်း သားများမှ ယမန်နေ့က တိုက်တွန်းလိုက်သည်။ **(Irawaddy 070409)**
- ❑ ထိုင်းနိုင်ငံ၊ ပတ္တရာမြို့တွင် ယခုလ ၁၀ ရက်နေ့မှ ၁၂ နေ့အထိ ပြုလုပ်ကျင်းပမည့် အာဆီယံ ဆက်စပ်ထိပ်သီးများ အစည်းအဝေးသို့ မြန်မာစစ်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိမ်းစိန် တက်ရောက်မည်ဟု မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားသည်။ **(Mizzima 070409)**
- ❑ ရန်ကုန်တိုင်း ဒဂုံမြို့နယ် သုံးခွကျေးရွာနှင့် လေးထောင့်ကန်ကျေးရွာဘက်တွင် ကုမ္ပဏီများက သိမ်းယူထားသည့် အမြင့်ပိုင်း လယ်မြေများကို ရေရောက်ရှိရေးအတွက် ငမိုးရိပ်ဆည်အား ဖောက်ချလိုက်သဖြင့် အနိမ့်ပိုင် လယ်မြေနှင့် ကျေးရွာများ လွန်ခဲ့သည့် သုံးရက်ခန့်က စတင်နစ်မြုပ်နေသည်ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။ **(Yoma3 070409)**
- ❑ စစ်တွေမြို့နယ်အတွင်း ကုန်းတွင်းပိုင်း ရေနံလုပ်ကွက်များကို လုပ်ကိုင်နေသည့် အိန္ဒိယ **Essar** ရေနံကုမ္ပဏီ ရေနံတူးဖော်ရန်အတွက် ညိုရောင်ချောင်းနှင့် မီးလောင်ရွာကျေးရွာ (၂) ရွာအား ပြောင်းရွှေ့ပေးရမည်ဟု မတ်လ ၂၂ ရက်နေ့က ရခိုင်ပြည်နယ်သို့ရောက်ရှိလာသော အနောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ပြောကြားခဲ့သည်။ **(Narinjara News 070409)**
- ❑ နအဖ စစ်ကောင်စီအဖွဲ့ဝင်လည်းဖြစ် ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် ရခိုင်ပြည်နယ် အထူးစစ်ဆင်ရေး ဗျူရို ဥက္ကဌလည်းဖြစ်သည့် ဒု–ဗိုလ်ချုပ်ကြီးကိုကိုသည် ယနေ့နံနက်က ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ် တောင်ပြိုမြို့သို့ လျှပ်တပြက်ရောက်ရှိလာသည်ဟု အမည်မဖော်လိုသူ အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။ **(Narinjara News 070409)**
- ❑ ယနေ့နံနက်ပိုင်းတွင် ဘုရားသုံးဆူမြို့မှ တပ်ချိန်းပြန်လာသော ခလရ (၂၄) စစ်ကြောင်းကို ဘုရားသုံးဆူနှင့် အနန်းကွင်းရွာ ကားလမ်းမရှိ အပလုံရွာနှင့် မြိုင်သာယာရွာကြားတွင် **KNU** တပ်ရင်း (၁၆) မှ ပြောက်ကျားစနစ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ရာ နအဖ တပ်ဖက်မှ ၂ ဦး သေဆုံးပြီး ၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု တိုက်ပွဲအပြီး ဖြတ်သန်းလာခဲ့သည့် မော်တော်ယာဉ်သမားအချို့က ပြောသည်။ **(Kaowao News 070409)**
- ❑ လာမည့် ၂၀၁၀ ရွေးကောက်ပွဲအပါအဝင် စစ်အစိုးရ၏ လမ်းပြမြေပုံအဆင့်ဆင့်ကို အကောင်အထည်ဖော်ရာမှာ ဂီတပညာ ရှင်များကိုသုံးရန် မြို့နယ်တိုင်းတွင် ဂီတအစည်းအရုံးများ ဖွဲ့စည်းနေသည်။ **(VOA 070409)**

ဧပြီလ (၈)

- လွန်ခဲ့သည့် ဖေဖော်ဝါရီလ (၁၈) ရက်နေ့က စောဒွေးမောင် ဦးဆောင်သည့် **KNU/KNLA** ငြိမ်းချမ်းရေးကောင်စီ အဖွဲ့နှင့် နအဖ စစ်ဘက်ရေးရာလုံခြုံရေး (စရဖ) အရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တွေ့ဆုံဆွေးနွေးစဉ် စရဖ အရာရှိချုပ်က "ထိုင်းနိုင်ငံသည် အရွယ်မရောက်သေးသည့် လူမယ် ကရင်ကလေးသူငယ်များအား စစ်သင်တန်း ပေးနေသည်"ဟု စွပ်စွဲ ပြောဆိုခဲ့သည်။ **(NEJ 080409)**
- ကမ္ဘာ့စီးပွားရေးကျဆင်းမှုသည် နိုင်ငံတိုင်း ထိပ်တိုက်ရင်ဆိုင်နေရသလို နိုင်ငံတကာ၏ ပိတ်ဆို့အရေးယူမှုများကြောင့် မြန်မာနိုင်ငံ အအေးခန်းစက်ရုံ မြောက်မြားစွာထဲမှ နာမည်ရစက်ရုံတစ်ရုံဖြစ်သည့် လှိုင်သာယာစက်မှုဇုန် (၃) **Daiko Myanmar** အအေးခန်းစက်ရုံသည် ကုန်ကြမ်းပြတ်လပ်၍ဆိုကာ မတ်လ (၃၁) ရက်နေ့တွင် လုပ်ငန်းရပ် ဆိုင်းလိုက်သည်။ **(NEJ 080409)**
- မကြာခင်က ရန်ကုန်မြို့လယ် နှစ်လောင်းပြိုင် လူသတ်မှုတွင် အသတ်ခံရသူ အမျိုးသမီးမှာ တချိန်က ထောင်းလှမ်း ဒုတိယ အကြီးအကဲ ဗိုလ်မှူးချုပ်ကျော်ဝင်း သမီးဖြစ်သည်ဟု မြန်မာစစ်အစိုးရ ကြေးမုံသတင်းစာ နာရေးကြော်ငြာ၌ ဖော်ပြထားသည်။ **(NEJ 080409)**
- နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော မြန်မာဘလော့ဂါများဖြစ်သည့် ကိုဇာဂနာနှင့် ကိုနေဘုန်းလတ်တို့အား ပြစ်ဒဏ် ပေးခဲ့မှုသည် ထိုက်သင့်သည့်ပြစ်ဒဏ်များ မဟုတ်သဖြင့် ပြန်လွှတ်ပေးရန် မြန်မာစစ်အစိုးရနှင့် နိုင်ငံတကာသို့ ပြင်သစ်အခြေစိုက် နယ်စည်းမခြား သတင်းသမားများအဖွဲ့ **(RSF)** က ယနေ့ တောင်းဆိုလိုက်သည်။ **(Mizzima 080409)**
- ၁၉၉၁ ခုနှစ်တွင် မြန်မာ့ရိုးရာ ဂီတဝါသနာရှင် (၆) ဦးနှင့် စတင်ဖွဲ့စည်းခဲ့သည့် မင်္ဂလာဒိုးအဖွဲ့က နှစ်စဉ် မြန်မာ သင်္ကြန် သံချပ်တေးသီချင်းများ သီကုံးစပ်ဆိုပြီး ယနှစ်အတွက် ရဲရဲတောက်တိုက်ပွဲဝင် မြန်မာ့ရိုးရာ သင်္ကြန်သံချပ် များ ဖြန့်ချိနေပြီ ဖြစ်သည်။ **(Mizzima 080409)**
- ရန်ကုန်မှ နေပြည်တော်သို့ ပြေးဆွဲသည့် ခရီးသည်တင် ယာဉ်တစ်စီး ယနေ့နံနက်ပိုင်းက တိမ်းမှောက်ခဲ့ရာ ခရီးသည် အနည်းဆုံး ၃ ဦး သေဆုံးသွားသည်ဟု ဖြူးမြို့နယ် ဆေးရုံတာဝန်ရှိသူများက ပြောသည်။ **(Irrawaddy 080409)**
- **KNU** တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး **Kasit Piromya** တို့ ယခုလ ၆ ရက်နေ့က ဘန်ကောက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် "မြန်မာစစ်အစိုးရအနေနှင့် ငြိမ်းချမ်းရေးကို လိုလားပါက ပထမဆုံး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနှင့် အပစ်အခတ်ရပ်စဲရေးကို ကြေညာလက်မှတ်ရေးထိုးသင့်သည်"ဟု **KNU** အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်က ပြောသည်။ **(Irrawaddy 080409)**
- ရန်ကုန်တိုင်း သုံးခွမြို့နယ် မော်ကွန်းသာရွာရှိ အသက် ၃၀ အရွယ် ဦးအေးသိန်းနှင့် ဇနီး မစန်းဝေသည် ၎င်း၏ညီ ကိုမျိုးနှင့် စကားများရာ ရပ်ရွာကောင်စီ (ရယက) ဥက္ကဋ္ဌ ဦးခင်မောင်လွင်က ခလရ ၁၃၉ သို့ တိုင်ကြားခဲ့သဖြင့် စစ်တပ်မှ ဖမ်းဆီးရိုက်နှက်သဖြင့် လူတစ်ဦး မြို့နယ်ဆေးရုံတွင် အရေးပေါ်လူနာအဖြစ် တက်ရောက်ကုသနေရ သည်။ **(Mizzima 080409)**
- ရန်ကုန်တိုင်း သုံးခွမြို့နယ် ကွန်ကလပ်ကျေးရွာမှ လယ်သမား ၆၂ ဦးတို့သည် အကြွေးမဆပ်နိုင်သဖြင့် မတ်လလယ် ခန့်က ဦးသိန်းဇော်နှင့် အခြားငွေတိုးချေးသူများက လယ်မြေ၊ အိမ်၊ နွားနှင့် လှည်းများ သိမ်းဆည်းသွားသည်ကို သက်ဆိုင်ရာသို့ စာတင်တိုင်တန်းထားသော်လည်း တစုံတရာ ဖြေရှင်းပေးခြင်းမရှိသဖြင့် ရွာသားများ အခက်အခဲ နှင့် ရင်ဆိုင်နေရသည်ဟု ဒေသခံလယ်သမားတစ်ဦးက ပြောသည်။ **(Yoma3 080409)**
- **NLD** အနေဖြင့် လူငယ်ဖွံ့စည်းရေးလုပ်ငန်းများကို အောက်မြန်မာပြည် ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် အထက်မြန်မာ ပြည် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း စသည့် နေရာအသီးသီးတွင် လူငယ်ဖွံ့စည်းရေးများ အဆက်မပြတ်လုပ်ဆောင် နေသည်ဟု အထက်မြန်မာပြည် လူငယ်တာဝန်ခံ ကိုအေးထွန်းက ပြောသည်။ **(RFA 080409)**
- မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ငွေးသီးနဘဲခွဲနှင့် မယ်ဇလီအိုက်ကျေးရွာအုပ်စုမှ ရွာသားများကို ကျေးရွာအုပ်စု ဥက္ကဋ္ဌက ရေစီးရေလာကောင်းရန်အတွက် သစ်စုဆည်မှ လာသည့်ရေမြောင်းများကို ပြန်တူးခိုင်းရာတွင် တစ်အိမ် တစ်ယောက် မလိုက်မနေရ အတင်းခေါ်ပြီး မလိုက်လျှင် ဒဏ်ငွေဆောင်ရမည်ဟု ဒေသခံရွာသားတစ်ဦးက ပြော သည်။ **(RFA 080409)**
- ထိုင်း–မြန်မာနယ်စပ် မယ်ဟောင်ဆောင်မြို့အနီး **KNPP** အခြေစိုက်ရာ စခန်းတစ်ခုဖြစ်သည့် ညာမိုကုန်းစခန်း၏ မြောက်ဘက်၌ရှိသည့် တပ်ရင်း (၂) ရုံးစိုက်ရာနေရာနှင့် ပြောက်ကျားစခန်းရုံးစိုက်ရာ နေရာများသို့ ထိုင်းစစ်တပ် အရာခံ ဗိုလ်တစ်ဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင် (၅၀) ဦးနီးပါးရောက်ရှိလာက ထိုင်းနယ်မြေအတွင်း ကျော်ပြီး

နေရာယူထားသည့်အတွက် ဖယ်ရှားပေးရန် စတင်တောင်းဆိုလာသည်ဟု **KNPP** တပ်မှူးတစ်ဦးက ပြောသည်။ **(RFA 080409)**

- အိန္ဒိယနိုင်ငံမှ အမေရိကန် ဒေါ်လာသန်းပေါင်း (၂၀) ရင်းနှီးမြှုပ်နှံ၍ **Tata Motors** ထရက်ကားစက်ရုံတစ်ရုံကို မြန်မာနိုင်ငံတွင် တည်ဆောက်ရန် စီစဉ်နေသည်ဟု တာတာကုမ္ပဏီ ပြောခွင့်ရပုဂ္ဂိုလ်က သတင်းထောက်များအား ယမန်နေ့က ပြောကြားလိုက်သည်။ **(Narinjara News 080409)**
- မလေးရှားတွင် သောင်တင်ခိုလှုံနေသည့် ရိုဟင်ဂျာ ၁၅၀၀ ဦးကို အာဆီယံမှတဆင့် မြန်မာနိုင်ငံသို့ ပြန်ပို့ရန် စီစဉ်နေသည်။ **(KL-Benama/ VOB 080409)**

ဧပြီလ (၉)

- ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မဲခေါင်မြစ်ဘေးတလျှောက်တွင် တရုတ်ကုမ္ပဏီတစ်ခုမှ ရာဘာစိုက်ပျိုးရေး စီမံကိန်းကြောင့် ဒေသခံများ၏ ဘိုးဘွားပိုင် လယ်ယာမြေများဆုံးရှုံးကာ အလုပ်အကိုင်များလည်း အခက်အခဲရှိနေသည်ဟု လားဟူ အမျိုးသားအဖွဲ့ တစ်ခုက ပြောသည်။ **(Irrawaddy 090409)**
- ပဲဖိုးငွေ ကျပ်သိန်းပေါင်း ထောင်ချီ အကြွေးပေးရန်ရှိသည့် ပဲကုန်သည်ကြီး ၅ ဦးထံမှ သိမ်းဆည်းထားသည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ယခုလ ၇ ရက်နေ့က ရန်ကုန်တွင် လေလံတင် ရောင်းချခဲ့သည်။ **(Mizzima 090409)**
- ယခုနှစ် မန္တလေးတွင် စီးပွားရေး အကြပ်အတည်းကြောင့် သင်္ကြန်ရောကစားမဏ္ဍပ် အရေအတွက်သည် ယခင်နှစ်ကထက် သုံးပုံတစ်ပုံခန့်ထိ လျော့နည်းသွားခဲ့ကာ ယမန်နှစ်က ရေကစားမဏ္ဍပ် ၆၀ ဝန်းကျင်ရှိကခဲ့ရာမှ ယခုနှစ်တွင် ၄၀ ကျော်ခန့် သာရှိသည်။ **(Irrawaddy 090409)**
- စစ်အစိုးရမှ နေအိမ်အကျယ်ချုပ် ချထားသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အယူခံလွှာ တင်ထားခြင်းနှင့်ပတ်သက်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ထပ်မံတောင်းဆိုမည်ဟု ရှေ့နေကြီး ဦးကြည်ဝင်းက ပြောသည်။ **(Irrawaddy 090409)**
- ကရင်နီပြည် လွိုင်ကော်မြို့တွင် ကွန်ပျူတာ တက္ကသိုလ်ကျောင်း ဆောက်လုပ်ရန်အတွက် စစ်အစိုးရမှ ပြည်သူလူထုများ ပိုင်ဆိုင်သည့် လယ်ယာမြေ၊ ခြံ ဧက ၈၀၀ ကျော်အား သိမ်းယူကာ သိမ်းယူသွားသည့် လယ်မြေများအတွက် လျော်ကြေးပေးရာတွင် မျှတမှုမရှိသည့်အတွက် ပိုင်ရှင်များအချင်းချင်း အငြင်းပွားမှုများ ဖြစ်နေကြသည်။ **(Kantarawaddy Times 090409)**
- မြန်မာနိုင်ငံတွင် **TB** အဆုတ်ရောဂါ ဖြစ်ပွားမှုနှုန်းများ များပြားလာကာ ဆေးယဉ်နေသူ အများအပြားရသည်ဟု လူနာများကို အကူအညီပေးနေသူ မဖြူဖြူသင်းက ပြောသည်။ **(RFA 090409)**
- လွန်ခဲ့သည့် ဧပြီလ (၅) ရက်နေ့က စစ်အစိုးရသတင်းစာများတွင် ရေးသားထားသည့် တရုတ်–မြန်မာနှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ပြီး ဆန့်ကျင်ဖက် သတင်းဌာနများက မဟုတ်မမှန် သတင်းများ ဖြန့်ချိနေသည်ဆိုသည့်အချက်သည် မှားယွင်းနေကြောင်း တရုတ်–မြန်မာနယ်စပ်အခြေစိုက် နေထိုင်သူများက ပြောသည်။ **(RFA 090409)**
- ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ **KNPP** ၏ တပ်ဖွဲ့ဝင်များကို ထိုင်းတပ်ဖွဲ့ဝင်များက မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးယူရန် ရှိမရှိဆိုသည်ကို ယနေ့နံနက်ပိုင်းက လာရောက်မေးမြန်းသွားသည်။ **(RFA 090409)**
- ရခိုင်ပြည်နယ် ဘူးသီးတောင်ထောင်က ပုသိမ်တက္ကသိုလ် ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုပြည့်ဖြိုးလှိုင်သည် ကျန်းမာ ရေးမကောင်းဘူးဟု လွန်ခဲ့သည့်ရက်မှ ထောင်ဝင်စာ သွားတွေ့ခဲ့သည့် မိခင်က ပြောသည်။ **(RFA 090409)**
- **Seven Day** သတင်းဂျာနယ် သတင်းထောက် ကိုအောင်မြင့်ထွန်းကို ဖမ်းဆီးထောင်ချထားခြင်းသည် ဖမ်းဆီးစဉ်က တစ်မှုဖြစ်ပြီး အပြစ်ပေးထောင်ချသည့်အခါ အခြားတစ်မှုဖြစ်ပြီး သက်သေအထောက်အထား ခိုင်လုံခြင်းမရှိဘဲ အပြစ်ဒဏ် ပေးခြင်းသည် မှားယွင်းသော တရားစီရင်မှုဖြစ်သည်ဟု အာရှလူ့အခွင့်အရေး ကော်မရှင်မှ ယနေ့က ထုတ်ပြန်ကြေညာလိုက်သည်။ **(RFA 090409)**
- လွန်ခဲ့သည့် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၄ ရက်နေ့အတွင်း **KNU** ဥက္ကဌဟောင်း (ကွယ်လွန်) စောဘိုမြ၏သားစောနေစိုးမြ ဦးဆောင်ပြီး လူအင်အား ၁၆၁ ဦးမှ **KNU/KNLA** ငြိမ်းချမ်းရေးကောင်စီနှင့် သွားရောက်ပူးပေါင်းခြင်းသည် ပုဂ္ဂိုလ်ကိစ္စသာဖြစ်ပြီး ကရင်တစ်မျိုးသားလုံးနှင့် မသက်ဆိုင်ကြောင်း မြန်မာ့အရေးလေ့လာသူ ဦးအောင်ကျော်ဇောက ပြောသည်။ **(Mizzima 090409)**

- ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်မှာ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ ပစ်ခတ်မှုတွေ သီးခြားနေရာများမှာ ဖြစ်ပွားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး သေဆုံးသွားသည်။ **(DVB 090409)**
- ယခုလ ၆ ရက်နေ့က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်ကာ သစ်တော၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးများနှင့် ပညာရေးဝန်ကြီးဌာန ဒုဝန်ကြီးတို့သည် ဧရာဝတီတိုင်းသို့ ကွင်းဆင်းဟောပြောပွဲ သွားရောက်ပြု လုပ်ကာ လုပ်ငန်းသုံး ကျွဲနွားများရှားပါးနေသည့် မုန်တိုင်းသင့် ကျေးလက်များတွင် တိရစ္ဆာန် မစင်နှင့် စွန့်ပစ်အ မှိုက်ရောစပ်၍ လျှပ်စစ်မီး ထွန်းလင်းစေရေးအတွက် စီစဉ်နေသည်။ **(Mizzima 090409)**
- နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် လုပ်ရှားမှုစကားဝိုင်းတစ်ရပ်ကို ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်း သားနှင့်လူငယ်များအစည်းအရုံး **(AASYC)** ဘင်္ဂလားဒေ့ရှ်ဌာနခွဲက ဦးဆောင်ပြီး မီပူမြို့နယ် ဒက္ကားမြို့ **Baptist Mission Integrated School** တွင် ပြုလုပ်ကျင်းပခဲ့သည်။ **(Narinjar News 090409)**
- ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြောက်ပိုင်း ကြိမ်ချောင်း၊ တောင်ပြိုဝဲ၊ ရွက်ညိုတောင်နှင့် မောင်တော ကညင်ချောင်း စသည် ကျေးရွာ (၄) ရွာတို့၌ စစ်တပ်အင်အား ၅၀၀ ခန့် တိုးချဲ့လိုက်သည်ဟု စစ်တပ်နှင့် နီးစပ်သူ တစ်ဦးက ပြောသည်။ **(Narinjar News 090409)**

ဧပြီလ ၁၀

- ရိုဟင်ဂျာကိစ္စနောက်ပိုင်း ရခိုင်ပြည်နယ်ကို ဝန်ကြီးများအားလုံး အလှည့်ကျကွင်းဆင်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ အထူးအလေးထား ဆောင်ရွက်ကြရန်နှင့် နောင်အရပ်သားအစိုးရသစ်လက်ထက်အတွက် အရာရှိများကို မွေး ထုတ်ရန် နေပြည်တော် ဝန်ကြီးဌာနအစည်းအဝေး (၈/၂၀၀၉) က ညွှန်ကြားထားသည်။ **(NEJ 100409)**
- သင်္ကြန်နားနီးလာသည့် ယခုရက်ပိုင်းအတွင်း ခရီးသွားလာရေး ပိုမိုခက်ခက်လာပြီး ကားခလည်း ပိုမိုကြီးမြင့်လာ နိုင်သည်ဟု ပြည်သူများက ပြောသည်။ **(NEJ 100409)**
- တောင်ငူမြို့အစွန်ဘက် ရန်ကုန်–မန္တလေး အဝေးပြေးလမ်းမပေါ်တွင် ယမန်နေ့ည ၈ နာရီခန့်က ဆယ်ဘီးကားနှင့် ဆိုင်ကယ်သုံးစီး တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူငယ် ၇ ဦး ပွဲချင်းပြီး သေဆုံးပြီး ၁ ဦးမှာ ဒဏ်ရာအပြင်းအထန် ခံစား နေရကြောင်း တောင်ငူမြို့ခံတစ်ဦးက ပြောသည်။ **(Irrawaddy 100409)**
- သင်္ကြန်တွင်း သန်လျင်မြို့နယ် တရားရုံး ဝန်ထမ်းများ ပျော်ပါးနိုင်ရန်အတွက် ဧပြီလအတွင်း ရုံးထုတ်သည့် တရားခံ များထံမှ တစ်ဦးလျှင် ကျပ် ၅ ထောင် ကောက်ခံနေသည်ဟု တရားခံတစ်ဦး၏ မိသားစုဝင်များက ပြောသည်။ **(Irrawaddy 100409)**
- မုန်တိုင်းသင့် ဒေသများတွင် ရုပ်အလောင်းများအား မီးသင်္ဂြိုဟ်ရာ ပါဝင်ကူညီခဲ့သူ နိုင်ငံရေးအကျဉ်းသားဟောင်း ဒေါက်တာနေဝင်း၊ သမီးဖြစ်သူ မဖြိုးဖြိုးအောင် အပါအဝင် ၆ ဦးအား မတရားအသင်းဖွဲ့မှု ပုဒ်မ ၆ နှင့် ၇ ဖြင့် ထောင်ဒဏ် ၂ နှစ်မှ ၄ နှစ်အထိ ယနေ့ ချမှတ်လိုက်သည်။ **(Mizzima 100409)**
- မတ်လ ၂၇ ရက်နေ့ တော်လှန်ရေးနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့၌ တစ်ကိုယ်တော်ဆန္ဒပြခဲ့သူ တွံတေးမြို့မှ ဆရာဦးအောင်ဖေအား ယနေ့ မြို့နယ်တရားရုံးတွင် စတင်စစ်ဆေးမှုများ ပြုလုပ်နေပြီဟု မိသားစုဝင် တစ်ဦးက ပြောသည်။ **(DVB 100409)**
- သင်္ကြန်ရက် နီးလာသည်နှင့်အမျှ အခြေခံစားကုန် ဈေးနှုန်းများလည်း အနည်းငယ်စီ တက်သွားသည်။ **(DVB 100409)**
- လွန်ခဲ့သည့် သီတင်းတစ်ပတ်က ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်မှ ဘိန်းခင်း ဧက ၈၀ ကျော် ဖျက်ဆီးနိုင်ခဲ့သည့် အတွက် မြန်မာ့ဘိန်းထုတ်လုပ်မှု ကျဆင်းနေသည်ဟု မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားပြီး အခြားစာမျက် နှာ တစ်ဘက်တွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့တွင် စိတ်ကြွဆေးပြား ၁၅၀၀ ကျော် ဖမ်းဆီးရမိခဲ့သည်ဟု ရေးသား ထားသည်။ **(DVB 100409)**
- နာဂစ်မုန်တိုင်း ဒုက္ခသည်များအတွက် အလှူခံထားသည့် အမေရိကန် ဒေါ်လာ သန်း ၇၀၀ နီးပါးအား အချိန်မီ မရဘူးဆိုရင် ၂၀၀၉ မြန်မာ့စီးပွားရေး ကျားကန်ဖို့ အခက်အခဲရှိနိုင်သည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် **ADB** က သတိပေးလိုက်သည်။ **(DVB 100409)**
- လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေဆဲဖြစ်သည့် နအဖ စစ်အစိုးရကို ဂျပန်အစိုးရက ယခုထက်မနည်း ဝေဖန်ရှုတ်ချ အရေးယူသင့်သည်ဟု လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားလိုက်သည်။ **(DVB 100409)**

- ကရင်အမျိုးသားအစည်းအရုံး **KNU** လက်အောက်ခံ တပ်ရင်း (၂၀၁) စခန်းကို နအဖတပ်နှင့် **DKBA** တပ်တို့ပူးပေါင်းပြီး ယမန်နေ့ နေ့လည် ၁၂ နာရီခန့်က ထိုးစစ်ဆင်ရာ နအဖနှင့် **DKBA** တပ်မှ ၇ ဦးခန့် ဒဏ်ရာရရှိခဲ့သည်ဟု ဗိုလ်မှူး စောလှငွေက ပြောသည်။ **(NMG 100409)**
- ရန်ကုန်တိုင်း ခရမ်းမြို့နယ် လှျပ်စစ်ဌာနသို့ ဗိုလ်ကြီးမြင့်သိန်း ရောက်ရှိလာပြီးနောက် မီတာအသစ်တပ်ဆင်ရန် အကြောင်းပြကာ သတ်မှတ်ထားသည့် ဈေးနှုန်းထက် ငွေကြေးပိုကောက်ခံနေသဖြင့် မြို့ခံပြည်သူများ မကျေမနပ်ဖြစ်နေသည်။ **(Yoma3 100409)**
- ရန်ကုန်မြို့တွင် သင်္ကြန်ကာလအတွင်း လည်ပတ်လိုသူများအတွက် မတ်လကတည်းက စတင်ခဲ့သည့် သင်္ကြန်ကားစင်းလုံးငှား လုပ်ငန်းများတွင် ယခင်နှစ်ကထက် ငှားခနှုန်းများ ၂၀ မှ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သော်လည်း ကားငှားသူဦးရေ ထက်ဝက်နီးပါး လျော့ကျနေသည်ဟု ကားအငှားလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ **(Irrawaddy 100409)**
- မြန်မာနိုင်ငံ၌ အများလက်ခံပြီး စစ်မှန်သည့် ဒီမိုကရေစီ ပေါ်ထွန်းလာရေးအတွက် ဂျပန်နိုင်ငံအနေဖြင့် မြန်မာစစ်အစိုးရကို တာဝန်ယူတိုက်တွန်းသင့်သည်ဆိုသည့် နိုင်ငံတကာမိသားစု တောင်းဆိုချက်ကို ဂျပန်အစိုးရက အလေးအနက်စဉ်းစားနေသော်လည်း အနောက်အုပ်စုဝင်များကဲ့သို့ ပိတ်ဆို့အရေးယူမှုကို ကျင့်သုံးရန်မရှိဟု ဂျပန်နိုင်ငံခြားရေးဌာန အရာရှိတစ်ဦးက ပြောသည်။ **(RFA 100409)**
- သြစတြေးလျား မြန်မာနှစ်နိုင်ငံဆွေးနွေးပွဲတွင် လွတ်လပ်၍ ဒီမိုကရေစီကျသော မြန်မာနိုင်ငံဖြစ်လာရေး ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံ သဘောတူညီခဲ့ကြသည်။ **(WTN/ VOB 100409)**
- မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်က အိန္ဒိယနိုင်ငံ အင်ဖားနှင့် မန္တလေးကို ဆက်သွားပြေးဆွဲမည့် ဘတ်စ်ကားလိုင်း အစီအစဉ်ကို ပြန်လည်သုံးသပ်မည်ဖြစ်သလို ကုလားတန်စီမံကိန်းဖြစ်သည့် စစ်တွေဆိပ်ကမ်းတည်ဆောက်ရေး လုပ်ငန်းကိုလည်း သုံးသပ်ကာ ယခုနှစ်ကုန်ပိုင်းတွင် စတင်လုပ်ဆောင်နိုင်ရန် ဆောင်ရွက်မည်ဟု ဆိုသည်။ **(The Telegraph/ VOB 100409)**

ဧပြီလ (၁၁)

- ယခုလ ၅ ရက်နေ့တွင် ဒေါပုံမြို့ ဗိုလ်ထွန်းစံရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်းနေ ၁၂ နှစ်အောက် ကလေးငယ် ၆ ဦးသည် ရပ်ကွက်ဘုန်းကြီးကျောင်းအလှူမှအပြန် စည်ပင်ရဲများက စည်းရုံးခေါ်ဆောင်သွားကာ ဒေါပုံမြို့ ရဲစခန်းတွင် ချုပ်နှောင်ထားပြီး ယမန်နေ့ကမှ ပြန်လွှတ်လာခဲ့သည်။ **(DVB 110409)**
- ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ဗိုင်းနားရွာက လယ်သမားမိသားစုတစ်စုသည် အကြွေးမပေးနိုင်သဖြင့် တစ်မိသားစုလုံး ဟင်းထဲအဆိပ်ခပ်ကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည်ဟု မြို့ခံတစ်ဦးက ပြောသည်။ **(DVB 110409)**
- ပြည်သူတွေကြားမှာ အထွေထွေစီးပွားရေး အကျပ်အတည်းများအား ရင်ဆိုင်နေရသဖြင့် ယခုနှစ် သင်္ကြန်ကာလအတွင်း လူငယ်များ မပျော်ပါးနိုင်ကြတော့သည်ဟု ရန်ကုန်မြို့ခံတစ်ဦးက ပြောသည်။ **(DVB 110409)**
- ကလေးထောင်တွင် အကျဉ်းကျခံနေရသည့် လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေးသည် ပြီးခဲ့သည့် မတ်လကုန်က ထောင်ဆေးမှူး၏ မှားယွင်းဆေးကုသမှုဒဏ်ကြောင့် သတိလစ်ပြီး ထောင်ပြင်ဆေးခန်းအထိ ပြသခဲ့ရသည်ဟု ထောင်ဝင်စာသွား တွေ့ပြီး ပြန်လာသော အစ်မဖြစ်သူ မဌေးဌေးကြည်က ပြောသည်။ **(DVB 110409)**
- သံဖြူဇရပ်မြို့နယ်ရှိ ဖောင်စိန်ရွာအနီး စစ်ဆေးရေးဂိတ်တွင် ဧပြီလ ၅ ရက်နေ့က ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံသို့ သွားရောက်သူများသည် ပြန်လည်လွတ်မြောက်ရန်အတွက် ဒေသခံအာဏာပိုင်များကို ငွေပေးဆောင်ခဲ့ရသည်။ **(IMNA 110409)**
- မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် မြို့နယ်အချို့တွင် လောင်းကစားဝိုင်းများ အကြီးအကျယ်ပြုလုပ်နေသည့်အပြင် စိတ်ကြွဆေးများကိုလည်း တိုးတိုးတိတ်တိတ် အရောင်းအဝယ် ပြုလုပ်နေသည်ဟု ဒေသခံများက ပြောသည်။ **(Kaowao News 110409)**
- လွန်ခဲ့သည့် ဧပြီ ၁ ရက် နှင့် ၂ ရက်နေ့က နအဖအာဏာပိုင်များ ဖမ်းဆီးထားသည့် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂ အဖွဲ့ချုပ်ဝင် ၅ ဦးကို ယမန်နေ့က ပြန်လွှတ်လာခဲ့သည်။ **(RFA 110409)**
  - ၁။ ဦးဇော်မြင့်အောင်
  - ၂။ ဦးစိုးဦး
  - ၃။ ကိုထွန်းငြိမ်း
  - ၄။ မခိုင်လင်းမြတ်
  - ၅။ မရွှေရည်ညွန့်

- ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်က လယ်သမားများကို ဒိုင်ဦးမြို့နယ်ကြံ့ဖွံ့အသင်းကဦးဆောင်ကာ ယခင်နှစ် နှစ်ကုန်ပိုင်းက အသင်းဝင်သည့် တောင်သူများကို နှစ်ကျပ်တိုးဖြင့် ငွေချေးခဲ့၍ ယခုလောလောဆယ်တွင် ငွေတိုးများလိုက်ကောက်ရာ၌ ကြံ့ဖွံ့အသင်း မဝင်သူများကို ချေးငွေအတိုးပိုပေးရဟု တောင်သူတစ်ဦးက ပြောသည်။ **(RFA 110409)**
- မြန်မာစစ်အုပ်စု၏ ဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကြီးမောင်အေးက နောင်နှစ်၌ ပြုလုပ်ကျင်းပမည့် ရွေးကောက်ပွဲအောင် မြင်စေရေးအတွက် တပ်မတော်သားများအနေဖြင့် တာဝန်ယူဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုက်သည်။ **(VOB 110409)**

ဧပြီလ (၁၂)

- မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် **WY** တံဆိပ်ပါ စိတ်ကြွဆေးပြား အလုံး ၃၀၀ ခန့်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဘင်္ဂလားဒေ့ရှ် လက်နက်ကိုင် အဖွဲ့တစ်ခုဖြစ်သည့် **Rapid Action Battalion (Rab)** က ကောလိပ်ကျောင်းသားတစ်ဦးနှင့် ရောင်းချသူ (၄) ဦးထံမှ ယခုလ ၁၁ ရက်နေ့က ဖမ်းစီးရမိသည်ဟု **The Daily Star** သတင်းစာက ရေးသားထားသည်။ **(Mizzima 120409)**
- နာဂစ်ဆိုင်ကလုံးမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်က မြစ်ချောင်းအင်းအိုင်များကို ငါးဖမ်းခွင့်လိုင်စင်များကို ဒေသခံရေလုပ်ငန်းရှင်များ မရကြဘဲ အာဏာပိုင်နှင့်နီးစပ်သူများကိုသာ ဧပြီလ ၇ ရက်နေ့က ချပေးနေသည်။ **(DVB 120409)**
- ထိုင်းနိုင်ငံ၊ မဲဆောက်မြို့အနီးရှိ မယ်လဒုက္ခသည်စခန်း ဇုံ **(B)** ရပ်ကွက် ၂ တွင် ဧပြီလ ၁၀ ရက်နေ့က ပဲကြော်ကြော်စားရာ ကလေးငယ် ၅ ဦး အစာဆိပ်သင့်ပြီး ၁ ဦး သေဆုံးခဲ့သည်။ **(DVB 120409)**
- နအဖ အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများကို သူတို့၏ဆွေမျိုးများထောင်ထဲ အတွေ့အကြုံများ ပြည်ပသတင်းဌာနများသိအောင် ပြောဆိုမှုများပြုလုပ်လျင် ကာယကံရှင် နိုင်ငံရေးအကျဉ်းသားများကို ဝေးလံသည့် ထောင်များသို့ ပို့ပစ်မည်ဟု ခြိမ်းခြောက်မှုများ လုပ်နေသည်။ **(RFA 120409)**

ဧပြီလ (၁၃)

- တရုတ်–မြန်မာနယ်စပ် မူဆယ်မြို့ ရပ်ကွက်တစ်ခုတွင် မူးယစ်ဆေးဝါးရောင်းဝယ်သူများနှင့် သုံးစွဲသူများ ပြောင်ပြောင်တင်းတင်း ပြုလုပ်နေသဖြင့် ရပ်ကွက်တွင်းနေထိုင်သူများ မိမိတို့ သားသမီးများအတွက် စိုးရိမ်နေရသည်ဟု မြို့ခံတစ်ဦးက ပြောသည်။ **(RFA 130409)**

ဧပြီလ (၁၄)

- မန္တလေး တက္ကသိုလ်အနီး ကျောင်းသားများဖြင့် စည်ကားသည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များကို ၃ ရက်အတွင်း ဖယ်ရှားပေးရန် စစ်တပ်မှ အမိန့်ထုတ်ခဲ့သည်။ **(RFA 140409)**
- မြန်မာစစ်အုပ်စု ငွေကြေးရနေမှုကို ဖြတ်တောက်ရန် ရည်စူးသည့် မြန်မာကျောက်မျက်ရတနာများ မတင်သွင်းရ ဥပဒေနှင့် ပတ်သက်ပြီး အဖွဲ့ဝင်ဆိုင်များကို ထပ်မံရှင်းလင်းညွှန်ကြားလိုက်သည်ဟု အမေရိကန်နိုင်ငံ ကျောက်မျက်အသင်းက ကြေညာလိုက်သည်။ **(VOA 140409)**

ဧပြီလ (၁၅)

- အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အင်္ဂါနေ့ကစ၍ ၂ ရက်ကြာပြုလုပ်ခဲ့သည့် ဒေသတွင်း ပြောင်းရွှေ့နေထိုင်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးအတွင်း ဒေသတွင်းဂယက်ထနေသည့် လှေစီးပြေးရိုဟင်ဂျာအရေးကိစ္စကို တက်ရောက်လာသည့် နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအနေနှင့် ရိုဟင်ဂျာများနေထိုင်သည့် ရခိုင်ပြည်နယ်တွင် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများအား နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လိုသည်ဟု ပြောကြားခဲ့သည်။ **(VOA 150409)**
- အာဆီယံသည် ရိုဟင်ဂျာပြဿနာကို ဖြေရှင်းမှုမပြုလုပ်နိုင်ခဲ့သဖြင့် ဒုက္ခသည်များတိုးပွားလာကာ ခိုလှုံသူများလာမည်ဟု **Caram Asia** က ပြောသည်။ **(Aliran Online/ VOB 150409)**

ဧပြီလ (၁၆)

- အင်ဒိုနီးရှားတွင် ပြုလုပ်သည့် ဒေသတွင်းနိုင်ငံများ အစည်းအဝေးတွင် မြန်မာစစ်အစိုးရ ကိုယ်စားလှယ်များက ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန် ဆက်လက်ငြင်းဆန်နေဆဲ ဖြစ်သောကြောင့် ရိုဟင်ဂျာ ပြဿနာကို ထိရောက်စွာ ဆွေးနွေးဖြေရှင်းခြင်း မပြုလုပ်နိုင်ခဲ့ဟု ရိုဟင်ဂျာအရေး ကျွမ်းကျင်သူ **Chris Lewa** က ပြောသည်။ **(Irrawddy 160409)**
- စစ်အစိုးရက ထောင်ဒဏ်နှစ်ရှည် ချမှတ်ထားသည့် နိုင်ငံရေးအကျဉ်းသားများကို ထောင်ဝင်စာ သွားရောက်တွေ့ ဆုံရာတွင် အာဏာပိုင်များ၏ တင်းကျပ်နှောင့်ယှက်မှုမျိုးစုံနှင့် ရင်ဆိုင်နေရသည့်အတွက် အခက်အခဲများဖြစ်နေကြ သည်ဟု အကျဉ်းသားမိသားစုဝင်များက ပြောသည်။ **(Irrawaddy 160409)**
- မြန်မာစစ်အစိုးရက နေအိမ်အကျယ်ချုပ် ချထားသော ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံး လွတ်မြောက်ရေးအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး မစ္စတာ ဘန်ကီမွန်းက မြန်မာစစ်အစိုးရ အပေါ် ဆက်လက်ဖိအားပေးမည်ဟု ယမန်နေ့က ပြောကြားလိုက်သည်။ **(Irrawaddy 160409)**
- မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်ကမ်းရိုးတန်းမှတဆင့် ဖြတ်ကျော်၍ ပြင်းထန်သည့် **(Bijli)** ဆိုင်ကလုံးမုန်တိုင်း တစ်ခု ဧပြီ ၁၈ ရက်နေ့တွင် ဝင်ရောက်နိုင်ကာ လေတိုက်နှုန်း ၁ နာရီ (၆၉) မိုင်နှုန်းအထိ ရှိနိုင်သည်ဟု မုန်တိုင်း သတိပေးသည့် **Tropical Storm Risk (TRS)** အင်တာနက် စာမျက်နှာတွင် ဖော်ပြထားသည်။ **(Irrawaddy 160409)**
- ရိုဟင်ဂျာပြဿနာသည် မိမိတို့နှင့် မသက်ဆိုင်ကြောင်း ဘာလီအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ် ပြည်ထဲ ရေးဝန်ကြီးနှင့် ရဲချုပ်ခင်ရီက ပြောသည်။ **(BALI/ VOB 160409)**
- မြန်မာနိုင်ငံသည် အခြားနိုင်ငံများကဲ့သို့ **EMS** နိုင်ငံတကာအမြန်စာပို့ စနစ်သုံးတော့မည် ဖြစ်သည်။ **(XNA/ VOB 160409)**
- **Maria Learning Center** သည် ထိုင်းနိုင်ငံရောက် မြန်မာကလေး ၃၉၃ ဦးကိုလည်းကောင်း၊ **JRS** သည် ၈၄၁ ဦးကို လည်းကောင်း ကျောင်းပညာများ သင်ကြားပေးနေသည်။ **(Indian Catholic/ VOB 160409)**
- နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်တွင် အိမ်များကောင်းမွန်စွာ မပြင်ရသေးသော်လည်း အိမ်ခွန်များတိုးမြှင့် ကောက်ခံနေသည်။ **(RFA 160409)**
- ရေနံချောင်းက သင်္ကြန်တွင်းရန်ပွဲတစ်ခုတွင် ဝင်ရောက်ဖျန်ဖြေခဲ့သည့် ရဲအရာရှိတစ်ဦးကို စစ်တပ်က ဝိုင်းရိုက်သဖြင့် ဆေးရုံတင်လိုက်ရသည်ဟု မျက်မြင်သက်သေများက ပြောသည်။ **(RFA 160409)**

ဧပြီလ (၁၇)

- ဘိုကလေးမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးရုံး အစောင့်ဖြစ်သူ ဦးမိုက်ကယ်အား ယခုလ (၇) ရက်နေ့ညတွင် ဒေသကွပ်ကဲရေးရုံးအာဏာပိုင်များက ရိုက်နှက်ခဲ့သဖြင့် သေဆုံးခဲ့ပြီး မြို့နယ်တရားရေးဝန်ထမ်းက သာမန်ရောဂါ ကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ထွက်ဆိုခိုင်းနေသည်။ **(Yoma3 170409)**
- စည်းလုံးညီညွတ်သည့် ဝတိုင်းရင်းသားတို့၏ ဒေသကြီး ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းသွားမည်ဟု ဝပြည်သွေး စည်းညီညွတ်ရေး တပ်မတော် **(UWSA)** က ယနေ့ ပြုလုပ်သည့် “ငြိမ်းချမ်းရေး တည်ဆောက်မှု အနှစ် (၂၀) ပြည့်” အခမ်းအနားတွင် ပြောကြားလိုက်သည်ဟု တရုတ်–မြန်မာနယ်စပ် သတင်းက ဆိုသည်။ **(Irrawaddy/ Mizzima 170409)**
- မြန်မာငံတွင် တိုင်းပြည်၏ သဘာဝအရင်းအမြစ်များတွင် ထည့်ဝင်ထားမှုများကို ရောင်းချခြင်း လွှဲပြောင်းခြင်းများ ကို တိုက်ရိုက်ပိတ်ပင်သည့် ဥပဒေတစ်ရပ်ကို စစ်အစိုးရ စွမ်းအင်ဝန်ကြီးဌာနမှ လွှန်ခဲ့သည့် စက်တင်ဘာလက ထုတ်ပြန်ခဲ့သဖြင့် လတ်တလော တားမြစ်ကန့်သတ်ချက်များကို လာမည့်အနာဂတ်တွင် လျှော့ချရန် ရေနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ကုမ္ပဏီများက မျှော်လင့်နေ ကြသည်။ **(Mizzima 170409)**
- မြန်မာနိုင်ငံတွင် အပြောင်းအလဲများဖြစ်ပေါ်ဖို့အတွက် လူထုအနေနှင့် ပူးပေါင်းပါဝင်ကြပါရန် ၈၈ မျိုးဆက် ကျောင်း သားများအဖွဲ့က ယနေ့နှစ်သစ်ကူး ပန်ကြားလွှာတစ်စောင်ထုတ်ကာ လူထုကို ပန်ကြားလိုက်သည်။ **(DVB 170409)**
- သင်္ကြန်အကြတ်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်သည် နေအိမ်ခြံ နောက်ဘက်တွင် ရေစက်သွားပိတ်နေစဉ် အမည်မသိလူတစ်ဦး၏ ရိုက်နှက်မှုကို ခံလိုက်ရသည် ဟု သားဖြစ်သူ ဦးခိုင်မင်းက ပြောသည်။ **(DVB 170409)**

- ဖိလစ်ပိုင် သမ္မတ ဂလိုရီရာ မကာပါဂဲလ် အာရိုယိုက "သူ့နိုင်ငံ၏ ဒီမိုကရေစီ အတွေ့အကြုံသည် မြန်မာစစ်အစိုးရ အတွက် လမ်းပြအလင်းရောင်တစ်ခုဖြစ်ပြီး အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး မိုမိုခိုင်မာစေရန်နှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များတွင် သူ့အစိုးရ ချဉ်းကပ်ဖြေရှင်းခဲ့သည့် နည်းလမ်းများအတိုင်း မြန်မာ စစ်ဗိုလ်များလည်း လိုက်နာဆောင်ရွက်သင့်သည်"ဟု တိုက်တွန်းပြောကြားလိုက်သည်။ **(Mizzima 170409)**
- ယနေ့ နှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးတိုင်း မိတ္ထီလာမြို့၊ ပဲခူးတိုင်း ပဲခူးမြို့နှင့် ရန်ကုန်တိုင်းတို့က အင်္ဂါနေ့တိုင်း နိုင်ငံရေး အကျဉ်းသားလွတ်မြောက်ရေးဆုတောင်းပွဲ ပြုလုပ်နေသည့် **NLD** အဖွဲ့ဝင်များက သင်္ကြီးပူဇော်ပွဲနှင့် ငါးလွှတ်ပွဲများ ပြုလုပ်ခဲ့သည်ဟု မိတ္ထီလာ အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောသည်။ **(RFA 170409)**
- မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည် ၂၈,၀၀၀ အား ပြန်လည်လက်ခံ ခေါ်ယူရန် မေတ္တာရပ်ခံ ထားသည်။ **(New Nation. DHAKA/ VOB 170409)**

ဧပြီလ (၁၈)

- ရန်ကုန်တိုင်း ဒေါပုံမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ရင်းနှီးသူ အသက် ၂၅ နှစ်အရွယ် ကိုသီဟထွန်းအား မယက အာဏာပိုင်များက ပြီးခဲ့သည့် ဧပြီ ၁၃ ရက်နေ့က ဖမ်းဆီးခေါ်ဆောင်သွားသော်လည်း မည်သည့်အတွက်ကြောင့် ဖမ်းဆီးသည်ကို မသိရှိရသေးကြောင်း မိသားစုဝင်တစ်ဦးက အတည်ပြုပြောကြားခဲ့ သည်။ **(Mizzima 180409)**
- ထူးဂရုပ်ကုမ္ပဏီ အကြီးအကဲ ဦးတေဇ၏ ကုမ္ပဏီ တစ်ခုဖြစ်သော **Myanmar Avaia Services** ကုမ္ပဏီသည် ရုရှား ကုမ္ပဏီ **CBOSS**၊ တရုတ်ကုမ္ပဏီ **Huawei Technology Co.** တို့သည် မန္တလေးတိုင်း ပြင်ဦးလွင်တွင် တည်ဆောက် နေသည့် ရတနာပုံ **Cyber City** တွင် **IT** ဆက်စပ်ပစ္စည်း စက်ရုံများ တည်ဆောက်ရန် ယခုလ ၈ ရက်နေ့က နေပြည်တော် ဗွေနန်းတော် ဟိုတယ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလိုက်သည်။ **(Mizzima 180409)**
- ရှမ်းပြည်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့မှ ဒေသခံများသည် စားဝတ်နေရေးအခက်အခဲ ဖြစ်နေရသည့်ကြား ညတိုင်းကင်းစောင့်နေရကာ မစောင့်ပါက တစ်ည ၂၅၀၀ မှ ၄၀၀၀ အထိ ပေးနေရသဖြင့် ပြည်သူများ ငြီးငြူနေကြ သည်ဟု သျှမ်းပြည်တောင်ပိုင်း သတင်းရပ်ကွက်က ဆိုသည်။ **(S.H.A.N 180409)**
- မိတ္ထီလာမြို့နယ် ဓားကံရွာ အနောက်ဘက်ရှိ လေတပ်စခန်းမှ စစ်သားများသည် ရွာသားတစ်ယောက်နှင့် အချင်း များကာ တရားဥပဒေအရ မဖြေရှင်းပဲ ရွာကို ဝင်ရောက်အကြမ်းဖက်သွားသည်။ **(RFA 180409)**

ဧပြီလ (၁၉)

- ယခုနှစ် သင်္ကြန်ကာလအတွင်း အနည်းဆုံး လူ ၄ ဦးသေဆုံးပြီး ၁၀၃ ဦး ဒဏ်ရာရသည်ဟု မြန်မာအစိုးရပိုင် သတင်းစာက ဖော်ပြထားသည်။ **(DVB 190409)**
- နာရေးကူညီမှုအသင်းကို တည်ထောင်ဦးဆောင်သူ ရုပ်ရှင်မင်းသားကျော်သူကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ အဝေး ရောက် မြန်မာနိုင်ငံသားများက ပြည်သူ့ဘက်တော်သား အနုပညာဆု ချီးမြှင့်လိုက်သည်။ **(DVB 190409)**
- မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ဝင်ရောက်နိုင်ကြောင်း သတိပေးကြေညာထားသော **Bijli** ဆိုင်ကလုန်းမုန် တိုင်း အန္တရာယ်မှ ကင်းလွတ်သွားပြီဟု စစ်အစိုးရပိုင် မြန်မာ့အလင်းသတင်းစာက ယနေ့ ထုတ်ပြန်ကြေညာ လိုက်သည်။ **(Irrawaddy 190409)**
- သျှမ်းပြည်မြို့တော် တောင်ကြီးမှ ကွန်ဟိန်း – မိုင်းပြင်း – ကျိုင်းတုံ – တာချီလိတ် ပြေးဆွဲနေသည့် အမြန်ယာဉ်ငယ် ကားသမားများသည် မြန်မာစကားမတတ်သည့် ကျေးလက် သျှမ်းပြည်သူများကို တင်ဆောင်ရန် ဝန်လေးနေကြ သည်ဟု ထိုင်းနယ်စပ်သတင်းရပ်ကွက်က ဆိုသည်။ **(S.H.A.N 190409)**
- မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီ **NMSP** ခရိုင်ကော်မတီဝင်တစ်ဦးဖြစ်သည့် ဒေါက်တာ မင်းနောင် ခေါ် နိုင်မင်းနောင်သည် ယမန်နေ့က မော်လမြိုင်မြို့နယ် ဖားအောက်ရွာနှင့် ရိုးဂိုးရွာကြား အဝေးပြေးကားလမ်း မပေါ်တွင် အမည်မသိလူတစ်စု၏ လုပ်ကြံသတ်ဖြတ်မှုကို ခံလိုက်ရသည်။ **(IMNA 190409)**

ဧပြီလ (၂၀)

- ယခုလအတွင်း ပြုလုပ်မည့် အဖွဲ့ချုပ်အစည်းအဝေးတွင် ထူးခြားချက်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်း ထည့်သွင်းဖိတ်ကြားထားသည်ဟု **NLD** ပြောခွင့်ရပုဂ္ဂိုလ် တစ်ဦးဖြစ်သူ ဦးဉာဏ်ဝင်းက ပြောသည်။ **(NEJ 200409)**
- လွန်ခဲ့သည့် ရန်ကုန်သင်္ကြန်သည် ယခင်သင်္ကြန်များနှင့် နှိုင်းယှဉ်ပါက စည်ကားမှု လျော့နည်းလာသည်ဟု ဧပြီလ ၁၇ ရက်နေ့က **MRTV-4** မှ ထုတ်လွှင့်ခဲ့သည့် **We Can Talk** အစီအစဉ်တွင် နာမည်ကြီး အဆိုတော် အနဂ္ဂ၊ ယုန်လေးနှင့် လူငယ်များက ပြောသည်။ **(NEJ 200409)**
- လွန်ခဲ့သည့် လမှစတင်ကာ တစ်လကျော်ဖြစ်ပွားခဲ့သည့် ဝမ်းရောဂါကြောင့် သာကေတမြို့နယ်တွင် လူ (၃)ဦး သေဆုံးခဲ့သည်ဟု မြို့နယ်ဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောသည်။ **(NEJ 200409)**
- ယခုလအတွင်း ထိုင်းနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများနှင့် ပတ်သက်၍ ရေးသားဖော်ပြခွင့် ပိတ်ပင်ထား သည့်အပြင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ခရီးစဉ်အကြောင်းကိုလည်း (၇) ရက်ကြာ နောက်ကျပြီးမှ ဖော်ပြ ခွင့်ရသည်ဟု မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းတစ်ဦးက ပြောသည်။ **(NEJ 200409)**
- ကရင်အမျိုးသားအစည်းအရုံး **KNU** ခေါင်းဆောင်ဟောင်း ကွယ်လွန်သူ ပဒိုမန်းရှာ၏ သမီးထွေး ဇိုယာဖန်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်အား ယနေ့မှစ၍ စတင်ဖြန့်ချိနေပြီ ဖြစ်သည်။ **(DVB 200409)**
- ၂၀၀၈ အခြေခံ ဥပဒေသစ် ဆန္ဒခံယူပွဲ ကာလအတွင်း ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မဲရုံတစ်ရုံအား ဗီဒီယို မှတ်တမ်းရိုက် ကူးသည့် ကိုအောင်ထွန်းမြင့်ကို စစ်အာဏာပိုင်များက ထောင်ဒဏ် ၃ နှစ်ချမှတ်အရေးယူမှုသည် လွဲမှားသည့် တရားစီရင် မှု ဖြစ်သည်ဟု အမှုလိုက်ရှေ့နေ ဦးအောင်သိန်းနှင့် အာရှလူ့အခွင့်အရေးကော်မရှင် **(AHRC)** က ပြောသည်။ **(Irrawaddy 200409)**
- မြန်မာနိုင်ငံတွင် စီးရီးတစ်ခွေထွက်ရန် "ခိုးကူးခွေနှင့် စာပေစိစစ်ရေး" များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသည် ဟု နာမည်ရ **Hip Hop** အဆိုတော် သားစိုးက လာမည့် ၂၈ ရက်နေ့တွင် အမေရိကန်နိုင်ငံ ဗာဂျီနီယားပြည်နယ် တွင် တစ်နှစ်ကြာ သွားရောက်နေထိုင်မည်ဖြစ်ပြီး ဂီတနှင့်ပတ်သက်သည့်ပညာရပ်များကို ဆက်လက် ဆည်းပူး လေ့လာသွားမည်ဟု ပြောသည်။ **(Irrawaddy 200409)**
- လွန်ခဲ့သည့် ဖေဖော်ဝါရီလကုန်ပိုင်းမှစ၍ ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်အတွင်း ကျေးရွာများမှ လူငယ်များကို ပြည်သူ့ စစ်သင်တန်းတက်ရန် ဒေသခံနအဖ အာဏာပိုင်များက ခေါ်ယူနေပြီး သင်တန်းကုန်ကျ စရိတ်အတွက် ရွာသားများထံမှ တစ်အိမ်ထောင်လျှင် ကျပ် ၁,၅၀၀ နှုန်း ကောက်ခံနေသည်ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြော သည်။ **(Yoma3 200409)**
- တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လူငယ်အဖွဲ့ရေးရာ ဒုတာဝန်မှူး ကိုဘိုဘိုနှင့် ဇနည်းဖြစ်သူ ပါတီ အဖွဲ့ဝင် မအိသဲမွန်တို့ကို ယခုလ ၁၈ ရက်နေ့က တစ်ရပ်ကွက်ထဲတွင် နေထိုင်သူ ကွမ်းခြံရပ်ကွက် ရာအိမ်မှူး ကိုပေါက်နှင့် အပေါင်းအပါတို့မှ ကိုယ်ထိလက်ရောက် ရန်မူပြုခဲ့သည်။ **(Mizzima 200409)**
- ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လက်အောက်ခံ အင်ဂျင်နီယာဌာန (အဆောက်အဦး) က ကြော်ငြာဘုတ် နေရာများကို ယခုလဆန်းမှ စတင်လေလံပစ်နေသဖြင့် ပုဂ္ဂလိက ကြော်ငြာလက်ခံသည့် ကုမ္ပဏီများ အဆုံးအရှုံးနှင့် ကြုံတွေ့နေရသည်။ **(Mizzima 200409)**
- ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်းရှိ တရားမဝင် သစ်လုပ်ငန်းများသည် ပွင့်လင်းရာသီအတွင်း အာဏာပိုင်များ၏ အဖမ်းအဆီးကြောင့် ရပ်တန့်နေခဲ့ရာမှ ရာသီကုန်ဆုံးခါနီးတွင် အဖမ်းအဆီးလျော့ကျလာသဖြင့် ပြန်လည်စတင် လုပ်နေပြီဟု သစ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ **(Mizzima 200409)**
- ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ **UWSP** ဖွဲ့စည်းတည်ထောင်ခြင်း အနှစ် ၂၀ ပြည့် အထိမ်းအမှတ်ပွဲသို့ အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု **NDF** မှ ပေးပို့သည့်သဝဏ်လွှာ၌ "အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ရရှိရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်သည်အထိ **NDF** နှင့်အတူ **UWSP** မှ ပူးပေါင်းလက်တွဲ ဦးဆောင်ပါဝင်ရန်" ဖိတ်ခေါ်ထားသည်။ **(Mizzima 200409)**
- ထိုင်း–မြန်မာနယ်စပ်ပေါ်ခွ၍ နေထိုင်ကြသည့် ကရင်ရွာသား ၂၀၀၀ ကျော်တို့သည် စစ်ဖြစ်ပွားသည့်နေရာအတွင်း ပိတ်မိနေကြပြီး စာနပ်ရိက္ခာ ရှားပါးမှုအပြင် ကောက်ချင်သလို ကောက်နေသော အခွန်အကောက်များနှင့် ဆိုးရွား လာသည့် ကျန်းမာရေးအခြေအနေတို့ကြောင့် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရ သည်။ **(Mizzima 200409)**

- ဝ ပြည်ငြိမ်းချမ်းရေး နှစ် ၂၀ ပြည့် အခမ်းအနား နောက်ဆုံးရက် ၁၈ ရက်နေ့က **UWSP/UWSA** ဌာနပ်ချုပ် ပန်ဆန်းမြို့ တော်ရှိ ဝ တောင်ပိုင်း ၁၇၁ စစ်ဒေသ ခေါင်းဆောင် ဝေ့ရှော်ကန်းပိုင် သစ်ရုံကြီးတစ်ရုံ၊ ဓါတ်ဆီဆိုင် တစ်ဆိုင်နှင့် မော်တော်ကားများ လောင်ကြွမ်းခဲ့သည်ဟု ဝ အရာရှိတစ်ဦးက ပြောသည်။ **(S.H.A.N 200409)**
- ယခုလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ဝဌာနချုပ် မြို့တော်ပန်ဆန်း၌ ပြုလုပ်ကျင်းပခဲ့သည့် ဝ ပြည်ငြိမ်းချမ်းရေး နေ့ နှစ် ၂၀ ပြည့် အခမ်းအနားသို့ စစ်အစိုးရ ထိပ်ပိုင်းခေါင်းဆောင်များ မတက်ရောက်ခဲ့သဖြင့် စိတ်မကောင်းဖြစ်မိ သည်ဟု ဝတပ်မှူးတစ်ဦးက ပြောသည်။ **(S.H.A.N 200409)**
- အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် နမဝတန်းကျောင်းသားများ၏ ၂၀၀၈–၂၀၀၉ ပညာသင်နှစ် အောင်စာ ရင်းများကို ယခုလ ၁၈ ရက်နေ့တွေ သက်ဆိုင်ရာ ကျောင်းအသီးသီးမှ ထုတ်ပြန်ကြေညာလိုက်ကာ အောင်လက် မှတ်တစ်စောင်ကို ၅၀၀ ကျပ်ပေးနေရသဖြင့် ကျောင်းသားမိဘများက အခက်တွေ့နေရသည်ဟု ရန်ကုန်မှ ကျောင်း သားမိဘတစ်ဦးက ပြောသည်။ **(DVB 200409)**
- ယမန်နေ့က နအဖ စစ်အစိုးရပိုင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် ဗိုလ်ကြီးနေစိုးမြနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခု တွင် ဗိုလ်ကြီးနေစိုးမြက "**KNU** သည် ကွယ်လွန်သွားသည့် ကရင်ခေါင်းဆောင်ကြီး စောဘိုမြ၏မျိုးဆက်များကို ဖိနှိပ်ထားပြီး လုပ်ပိုင်ခွင့်အခွင့်အလမ်းများကို လက်ဝါးကြီး အုပ်ထားကာ ကိုယ်ကျိုးရှာလုပ်ငန်းများကို မစွန့်လွှတ် နိုင်ဘဲ ဖြစ်နေကြသည်" ဟု ပြောဆိုမှုအပေါ် **KNU** မှ ပယ်ချလိုက်သည်။ **(DVB 200409)**
- ကချင်ပြည်နယ် ပူတာအိုထောင်တွင် နှစ်ရှည်အကျဉ်းကျခံနေရသည့် ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့မှ ကိုအောင် သူ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေသည်ဟု ဇနီးဖြစ်သူ မမြတ်မြတ်ထွန်းက ပြောသည်။ **(DVB 200409)**
- ရခိုင်အမျိုးသမီး ဒေါ်အေးသိန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ရှိအာဏာရပါတီဖြစ်သည့် အာဝါမီလိဂ်ပါတီ၏ အမတ်အဖြစ် ဒုတိယအကြိမ် ပြန်လည်အရွေးခံရကာ "မြန်မာနိုင်ငံတွင် ဒီမိုကရေစီ နိုင်ငံတစ်ခုအဖြစ် မြင်လိုသည်" ဟု သူမက ပြောသည်။ **(DVB 200409)**
- ရေးမြို့နယ် မြောက်ပိုင်းရှိ လမိုင်းမြို့နယ်ခွဲ ကော့ဒွတ်ကျေးရွာတွင် သံဃာတော်များ၍ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုး တိုးရေးအတွက် ကတ္တရာလမ်းခင်းနေသည်ဟု ဒေသခံများက ပြောသည်။ **(IMNA 200409)**
- မွန်ပြည်နယ်တွင် သင်္ကြန်ပွဲတော်ကာလအတွင်း ကျောင်းသားလူငယ်တစ်စုမှ ဦးဆောင်ပြီး **"No Free No Happy"** (မလွတ်လပ်ဘူးဆိုရင် မပျော်နိုင်ဘူး) စသည့် ခေါင်းစည်းပုဝါ ပေးကမ်းဖြန့်ဝေလှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ **(IMNA 200409)**
- မြန်မာပြည်သူများ ကြုံတွေ့နေရသည့် ဆိုးဝါးလှသည့် ကျန်းမာရေးဒုက္ခအခြေအနေအတွက် စစ်အစိုးရဘက်မှ အ ချိန်မီ အကူအညီတောင်းခံလာရန် မျှော်လင့်နေသည်ဟု ရောဂါတိုက်ဖျက်ရေး ရံပုံငွေအဖွဲ့ **Global Fund** က ယနေ့ က ထုတ်ဖော်ပြောကြားလိုက်သည်။ **(RFA 200409)**

ဧပြီလ (၂၁)

- ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယခုလ ၁၉ ရက်နေ့က ဖုကျန်ပြည်နယ်မှူး ဟွမ်ရှောင်ကျင်းနှင့် တွေ့ဆုံစဉ် တရုတ်လုပ် ငန်းရှင်များကို ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်သည့်အတွက် တရုတ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာပြည်တွင် ပို၍ရင်းနှီး မြှုပ်နှံလာဖွယ်ရှိသည်ဟု တရုတ်–မြန်မာနယ်စပ်အခြေစိုက် ဦးအောင်ကျော်ဇောက ပြောသည်။ **(Mizzima 210409)**
- ထပ်မံတိုးချဲ့မည့် နေပြည်တော် လေဆိပ်အတွက် အေးရှားဝေါလ် ကုမ္ပဏီနှင့် အာရှ–ပစိဖိတ် ဒေသတွင်း၌ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေး လုပ်ငန်းများအတွက် အထောက်အကူ ပြုနေသည့် ကမ္ဘာ့အဆင့်မီ စင်္ကာပူ **CPG Consultant Pet. Ltd** တို့က တည်ဆောက်နေပြီ ဖြစ်သည်။ **(Mizzima 210409)**
- နအဖ စစ်တပ်၏ မြေအဓမ္မအသိမ်းယူခံရသည့် မွန် ပအိုဝ်းနှင့် ရခိုင်ဒေသခံရှိ တိုင်းရင်းသားများသည် စာဝတ်နေ ရေးအခက်အခဲနှင့် ရင်ဆိုင်နေရသည်ကြောင်း တိုင်းရင်းသား လူငယ်အဖွဲ့များဖြစ်သည့် **MYPO**၊ **PYO** နှင့် **AASYC** တို့က ယနေ့ အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။ **(Mizzima/ Irrawaddy 210409)**
- ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် တွံတေးမြို့နယ် ဇီးဖြူကုန်းရွာရှိ စေတီတော်၌ **NLD** အဖွဲ့ဝင် ၅၀ ခန့်က ယနေ့ ဝတ်ပြုဆုတောင်းရာ ဦးဆောင်သူ နှစ်ဖြစ်သည့် ဦးချစ်ဖေနှင့် ဦးမောင်စိုးဝေတို့ကို အာဏာပိုင်များက ဖမ်းဆီးလိုက်သည်။ **(Mizzima/ RFA 210409)**
- ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(KNLA)** ၏ ထိုင်းနယ်စပ်နှင့် ကပ်လျက်တည်ရှိသည့် စခန်းတစ်ခုကို မြန်မာ စစ်တပ်နှင့် **DKBA** တပ်တို့က သိမ်းပိုက်နိုင်ရေးအတွက် တိုက်ခိုက်ရာ ၉ ရက်ကြာသွားပြီဖြစ်သဖြင့် ကရင်

တပ်ဘက်မှ ၁ ဦးကျဆုံး၍ ၃ ဦး ဒဏ်ရာရရှိပြီး ရန်သူဘက်မှ ၇ ဦးသေဆုံး၍ ၃၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု **KNU-KNLA** တပ်မှူးတစ်ဦးက ပြောသည်။ **(Mizzima 210409)**

- ဘီဂျလီ မုန်တိုင်းအရှိန်ကြောင့် မိုးကြီးခဲ့သဖြင့် ဟိုင်းကြီးကျွန်း တဖက်ကမ်း ကျေးရွာများရှိ ဆားလုပ်ငန်းရှင်များသည် မိုးရာသီမရောက်မီ ၁၀ ရက်အလို၌ လုပ်ငန်းများ ရပ်ဆိုင်းရပြန်သဖြင့် အစိုးရချေးငွေအပေါ် အတိုးငွေပေးရန် ဝန်ထုတ်ဝန်ပိုး ဖြစ်ရသည်ဟု ဆားကွင်း ဧက ၄၀ ပိုင်ရှင် ကိုသိန်းသန်းထွန်းက ပြောသည်။ **(Mizzima 210409)**
- လပွတ္တာမြို့မှ ၃ မိုင်အကွာ မြောင်းမြ–လပွတ္တာ ကားလမ်းဘေး ဝဲဘက်အခြမ်းတွင် မြို့ကွက်သစ်တွင် နာဂစ်မုန်တိုင်း နောက်ပိုင်း ဒုက္ခသည်များကို နေရာချပေးမည်ဟု ယခင်က ကြားသိရသော်လည်း မြို့နယ်ကောင်စီ မယက က ငွေကြေးတတ်နိုင်သူများကို ပြန်လည်ရောင်းချနေသည့်အတွက် မြေကွက်များ ရောင်းအားတက်နေသည်။ **(Mizzima 210409)**
- မြန်မာနိုင်ငံမှာ ၂၀၀၉ ခုနှစ်စာသင်နှစ်အတွင်း ကျောင်းသားများကို တပတ် ၆ ရက်တက်ခိုင်းပြီး ဒီဇင်ဘာလ မကုန်ခင် စာပေးပွဲစစ်ပြီး ကျောင်းပိတ်နိုင်ရန် စီစဉ်နေသည်ကို လာမည့် ၂၀၁၀ ရွေးကောက်ပွဲ ပြုလုပ်ရန် ပြင်ဆင်တာ ဖြစ်ပြီး ရွေးကောက်ပွဲအကြိုကာလများနှင့် ရွေးကောက်ပွဲကာလအတွင်း ကျောင်းများပိတ်ထားရန် ဖြစ်သည်ဟု ပညာရေးဝန်ကြီးဌာနနှင့် နီးစပ်သည့် သတင်းရပ်ကွက်က ဆိုသည်။ **(RFA 210409)**
- ပဲခူးတိုင်း ရွှေကျင်မြို့နယ်အတွင်း တရားမဝင် ရွှေတူးသူများကြောင့် ဒေသခံ ဉယျာဉ်ခြံမြေတချို့ ဆုံးရှုံးနေရကာ ဒေသခံအာဏာပိုင်များအနေနှင့် အရေးယူဖြေရှင်းပေးမှု မပြုသည့်အတွက် ဉယျာဉ်ခြံမြေအချို့ ပျက်စီးကုန်သည်ဟု ခြံမြေပိုင်ရှင် မိသားစုဝင်များက ပြောသည်။ **(RFA 210409)**
- ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဖရုံကာကျွန်းတွင် ရာသီအလိုက် လုပ်ကိုင်စားသောက်နေသည့် ရေလု ငါးလုပ်ငန်းရှင်များသည် ငါးလုပ်ငန်းဦးစီးဌာနမှတဆင့် ကန်ထရိုက်ဆွဲပြီး အကောက်အခွန်အဆမတန် ကောက်ခံနေသဖြင့် ဒေသခံလုပ်ငန်းရှင်နှင့် ပြည်သူများ အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ **(RFA 210409)**
- ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဖဒိုမြို့က ငွေးချိုကုန်းရွာတွင် မူလတန်းလွန် ကျောင်းဆောက်ရန်အတွက် အဓမ္မအလုပ်ခိုင်းစေမှုအတွင်း မြေပိုသေဆုံးသွားသည့် ညီအစ်ကို ၂ ဦး၏ အမှုကို မတ်လ ၃ ရက်နေ့က **ILO** သို့တိုင်ကြားခဲ့သဖြင့် ဒေသခံအာဏာပိုင်များက မိသားစုဝင်များကို ခြိမ်းခြောက်နေသည်ဟု လမ်းပြကြယ်အဖွဲ့မှ ကိုသိန်းနိုင်က ပြောသည်။ **(RFA/ DVB 210409)**
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအမှုနှင့် ထိန်းသိမ်းခံရသူများကို ညှဉ်းပန်းနှိပ်စက်မှုအပါအဝင် အကျဉ်းထောင်အတွင်း အခြေအနေများသည် ယခင်ကထက် ပိုမိုဆိုးဝါးလာသည်ဟု နိုင်ငံရေးအကျဉ်းသားမိသားစုဝင်များနှင့် လူ့အခွင့်အရေး လှုပ်လှုပ်ရှားရှားအဖွဲ့များက ပြောသည်။ **(RFA 210409)**
- မြင်းခြံအကျဉ်းထောင်၌ ဆရာဝန်ရှိသော်လည်း အကျဉ်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှုများ လုံးဝမရှိသဖြင့် နိုင်ငံရေးအကျဉ်းသူ မမိုးမိုးက သူမ၏မိခင်ထံသို့ စာရေးအကြောင်းကြားခဲ့သည်။ **(NEJ 210409)**
- ၂၀၀၉–၂၀၁၀ ခုနှစ် ဘဏ္ဍာရေးနှစ်အစမှစ၍ အောက်ခြေအဆင့် ဝန်ထမ်းတစ်ဦးလျှင် (၂၀,၀၀၀) ကျပ် တိုးမြှင့်ပေးသွားတော့မည်ဟု အမည်မဖော်လိုသူ မြန်မာ့စီးပွားရေးဘဏ် အရာရှိတစ်ဦးက ပြောသည်။ **(NEJ 210409)**
- လာမည့် (၂၈–၂၉) ရက်နေ့တွင် ကျင်းပမည့် **NLD** အထူးအစည်းအဝေးတွင် စာတမ်း ၃ စောင် တင်သွင်းသွားမည်ဖြစ်ကာ စာတမ်းသုံးစောင်နှင့် အစည်းအဝေးကျင်းပမည့်အကြောင်းအရာများကို **NLD** နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **(CRPP)** အပါအဝင် တိုင်းရင်းသားပါတီ ကိုယ်စားလှယ်များနှင့် အကြိုညှိနှိုင်း ဆွေးနွေးခဲ့သည်ဟု **CRPP** အထွေထွေအတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ **(NEJ 210409)**
- **KNU/ KNLA** တပ်ရင်း ၂၀ ကို နအဖတပ်နှင့် **DKBA** တပ်များက ဝန်းရံပိတ်ဆို့ထားသည်မှာ ကာလကြာလာသည် နှင့်အမျှ အနီးနားဝန်းကျင်ရှိ ကရင်ရွာသားများ စာနပ်ရိက္ခာ ပြတ်တောက်လာနေပြီဟု ဗိုလ်ကြည်အောင်က ပြောသည်။ **(DVB 210409)**
- ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများက ထိုင်းနယ်စပ်အခြေစိုက်အဖွဲ့များဖြစ်သည့် နိုင်ငံရေး အကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးတို့ကို တပ်အားသ၍ ကူညီထောက်ပံ့သွားမည်ဟု ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံများက **AAPP** တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်နှင့် **ABSDF** ဥက္ကဋ္ဌ ဦးသံခဲတို့နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ **(DVB 210409)**
- မြန်မာနိုင်ငံတောင်ပိုင်း မြိတ်–ထားဝယ် ရထားလမ်း ဖောက်လုပ်ရေးအတွက် ထားဝယ် ခရိုင်အတွင်းရှိ ဒေသခံ အာဏာပိုင် များက ပြည်သူများ၏ လယ်ယာမြေများကို သိမ်းယူနေသည်ဟု ထားဝယ်လူငယ်အစည်းအရုံး **(TYO)** ဗဟိုကော်မတီဝင် ကိုဇေက ပြောသည်။ **(NMG 210409)**

ဧပြီလ (၂၂)

- စီးပွားရေးအကျပ်အတည်းကြောင့် ၂၀၀၈ နှစ်လယ်ပိုင်းမှစ၍ သျှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် မိုင်းပူးလုံတိုက်နယ်တွင် ဆယ်ကျော်သက်အရွယ်မှ လူပျို အိမ်ထောင်သည်၊ အသက် ၅၀ အရွယ် အမျိုးသားအားလုံးနီးပါးသည် ခြံထွက်ပစ္စည်းများသာမက အိမ်ထောင်ပရိဘောဂပါ ခိုးယူရောင်းချကာ ယာဘဝယ်ယူသုံးစွဲနေကြသဖြင့် မိသားစုများ အခက်အခဲနှင့် ရင်ဆိုင်နေရသည်ဟု နယ်စပ်ရောက် မိုင်းပူးလုံ ဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 220409)**
- ရခိုင်ပြည်နယ် မောင်တောနှင့် ဘူးသီးတောင်မှ အရပ်သားပိုင် ကားများကို ဘင်္ဂလားဒေ့ရှ်–မြန်မာ ခြံစည်းရိုးကာ စီမံကိန်း တွင် အတင်းအဓမ္မ ချောဆွဲနေသည်ဟု အမည်မဖော်လိုသူ ကားသမားတစ်ဦးက ပြောသည်။ **(Narinjara 220409)**
- စစ်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် လူ့အခွင့်အရေး ကိစ္စရပ်များကို ထုတ်လွှင့်နေသည့် ပြည်ပအခြေစိုက် အသံလွှင့်ဌာနများကို လုံးဝနားထောင်ခြင်းမပြုရန် မြန်မာစစ်တပ်အတွင်း ယခုလ ၂၀ ရက်နေ့က ညွှန်ကြားလိုက်သည်။ **(RFA 220409)**
- နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး ဆုတောင်းပွဲကျင်းပသည်ဟု ဆိုကာ ယခုလ ၂၁ ရက်နေ့က ဖမ်းဆီးခံထားရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွံတေးမြို့နယ် ဒု–ဥက္ကဋ္ဌ ဦးချစ်ဖေနှင့် စည်းရုံးရေးမှူး ကိုအောင်စိုးဝေ တို့ကို ယနေ့ တွံတေးမြို့နယ် တရားရုံးတွင် သာသနာညှိုးနွမ်းစေသည့် ဥပဒေပုဒ်မနှင့် စွဲချက်တင်လိုက်သည်။ **(RFA/ Mizzima 220409)**
- ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ မြန်မာစစ်အစိုးရကသာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမည်ဆိုလျှင် ဥရောပ ကော်မရှင်အနေနှင့် အကူအညီပေးရန် အသင့်ရှိသည်ဟု ဥရောပကူညီ ထောက်ပံ့ရေးကော်မရှင်၏ ဦးဆောင်ညွှန်ကြားရေးမှူး **Koos Richelle** က ယနေ့ ပြောကြားလိုက်သည်။ **(RFA 220409)**
- ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တာဝန်ယူခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ဟောင်း မစ္စတာ ပေါ့ဆပ် နီဘွန်း **(Poksak Nilbon)** က မြန်မာပြည်အကြောင်း သိကောင်းစရာ **(Understand Burma)** စာအုပ်ကို ဘန်ကောက်မြို့တွင် ယမန်နေ့က ထုတ်ဝေလိုက်သည်။ **(RFA 220409)**
- နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးလှုပ်ရှားမှု ကော်မတီသည် နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ အမြန် ဆုံးပြန်လွတ်မြောက်ရေးအတွက် လက်မှတ်ထိုး လှုပ်ရှားမှုများပြုလုပ်ခဲ့ရာ လက်မှတ်ပေါင်း (၃) သိန်းခန့် ရရှိနေပြီဟု ဦးဆောင်လှုပ်ရှားနေသူ ဦးတိတ်နိုင်က ပြောသည်။ **(NEJ/ Mizzima 220409)**
- (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ အသစ်ပြောင်းရွှေ့လာသည့် သွင်းကုန်တာဝန်ခံ ဗိုလ်ကြီး မိုးမြင့်အောင်သည် တင်းကျပ်သည့် မူဝါဒသစ်များ ချမှတ်ကာ ကုန်ပစ္စည်းများ ဖမ်းဆီးမှုများ ပြုလုပ်နေသဖြင့် နယ်စပ်ကုန်သွယ်ရေး ထိခိုက်နေသည်ဟု ဂျင့်များက ပြောသည်။ **(NEJ 220409)**
- ကြံ့ဖွံ့က နွေရာသီအမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဟု အမည်ပေးကာ ကျောင်းသားကျောင်းသူများကို စည်းရုံးဆွဲဆောင်နေသည်ဟု ရန်ကုန်မြို့ခံများက ပြောသည်။ **(NEJ 220409)**
- ရောဝတီတိုင်း ဒု–တိုင်းမှူးကိုယ်တိုင်က ငွေဆောင်ကမ်းခြေတွင် မော်တော်ဆိုင်ကယ်မစီးရဟု အမိန့်ထုတ်ထားသော်လည်း စစ်ဖက်မှ အရာထမ်းများနှင့် ဆွေမျိုးတော်စပ်သူများက တားမြစ်ချက်ကို အလေးမထားဘဲ ဆိုင်ကယ်များ မောင်းနှင်နေကြသည်ဟု ဒေသခံများက ပြောသည်။ **(NEJ 220409)**
- ထိုင်း–မြန်မာနယ်စပ် မယ်လ ဒုက္ခသည်စခန်းတွင် မြန်မာပြည်မှ ထုတ်သည့် ခဲဆိပ်ပါဝင်သည့် လူသုံးကုန်နှင့် တိုင်းရင်းဆေး အချို့ဖြစ်သည့် ဒေါ်ကျင် သူငယ်နာလေပုပ်ထုတ်ဆေး၊ ဂေါမုတ္တ ဝမ်းနုတ်ဆေး၊ ပတ္တမြား သွေးဆေး၊ နနွင်းမှုန့်၊ အစိမ်းမှုန့်နှင့် ဒန်သတ္တုဖြင့် ပြုလုပ်ထားသည့် အိုးခွက် ပန်းကန်များ စသည့် အမျိုးအစား (၉) မျိုးကို ယခုလ ၂၀ ရက်နေ့က မသုံးစွဲရန် တားမြစ်ပိတ်ပင်လိုက်သည်။ **(Irrawaddy 220409)**
- မလေးရှား အစိုးရက နိုင်ငံခြားသား အလုပ်သမား ကုမ္ပဏီများကို အခွန်နှစ်ဆခန့် စည်းကြပ်မည့် အစီအစဉ်သည် မလေးရှားတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာများကိုလည်း ထိခိုက်နစ်နာလာမည်ဟု ရန်ကုန်ရှိ ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများက ပြောသည်။ **(Irrawaddy 220409)**
- ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်များတွင် ယခုလဆန်းပိုင်းမှ စတင်ဖြစ်ပွားခဲ့သည့် ဝမ်းရောဂါများ ပိုမိုကူစက်ပျံ့ပွားလာမည်ကို ရန်ကုန်မြို့သူမြို့သားများက စိုးရိမ်နေကြသည်။ **(Irrawaddy 220409)**
- မန္တလေးတိုင်းတွင် ဘိလပ်မြေ စက်ရုံတချို့ဖြစ်သည့် နာမည်ကြီး **AAA** တံဆိပ် ဘိလပ်မြေ အပါအဝင် မြန်မာဆင်၊ ကျားခေါင်း စသည့် ပုဂ္ဂလိကပိုင် ဘိလပ်မြေစက်ရုံ ၅ ရုံထက်မနည်းကို မန္တလေးတိုင်း ကျောက်ဆည်မြို့၊ သံရွာသို့

ပြောင်း ရွှေ့ရန် လွှန်ခဲ့သည့် ၂ နှစ်ခန့်က အာဏာပိုင်များက ပြောဆိုခဲ့သော်လည်း ယနေ့တိုင် မပြောင်းသေးသဖြင့် အပိတ်ခံလိုက်ရ သည်ဟု သိရသည်။ **(Mizzima 220409)**

- မြောက်ဥက္ကလာပ အမှတ် ၂ ရပ်ကွက်တွင် ယခုလ ၁၇ ရက်နေ့မှ စတင်ကာ ယနေ့ထိ ဝမ်းရောဂါဖြစ်ပွားသူ ၆၀ ဦးခန့်ရှိပြီး အချို့မှာ ဆေးရုံတွင်တက်ရောက်ကုသနေဆဲဖြစ်ပြီး မန္တလေးမြို့မှာလည်း ယခုရက်ပိုင်းအတွင်း ဝမ်းရောဂါဖြစ်ပွားနေပြီ ဖြစ်သည်။ **(Mizzima 220409)**
- မြန်မာ့သတင်း အချက်အလက်နှင့် နည်းပညာပြပွဲ (**Myanmar ICT Exhibition - May 2009**) ကျင်းပရန် ငွေကြေးမတည် သူများ **(Main Sponser)** အတွက် **ICT** ကုမ္ပဏီအများအပြားကို ဖိတ်ခေါ်ထားသော်လည်း ကုမ္ပဏီများဘက်မှ စိတ်ဝင်စားမှုနည်းနေသေးကြောင်း ပြပွဲကျင်းပရေး ကော်မတီဝင်တစ်ဦးက ပြောသည်။ **(Mizzima 220409)**
- ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများထဲမှ အချို့ကလေးများသည် မိဘများ၏ စွန့်ပစ်ခြင်းကိုခံနေရကာ ကလေးအခွင့်အရေး ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသည်ဟု ထိုင်းနိုင်ငံတောင်ပိုင်း ဆွန်ခလမြို့ရှိ ရေလုပ်သားများ ကူညီစောင့် ရှောက်ရေးအသင်း **(Stella Maris Seafarers' Center)** မှ ဝန်ထမ်းဖြစ်သူ မိသန်းက ပြောသည်။ **(IMNA 220409)**

ဧပြီလ (၂၃)

- နေပြည်တော်ကွင်းကြီး သုသာန်မီးသင်္ဂြိုလ်စက်ကြီးသည် လျှပ်စစ်ဓာတ်အားသုံးသည့် မီးသင်္ဂြိုလ်စက်ကြီးဖြစ်ပြီး မီးရှို့ရာ၌ **load** မနိုင်ဘဲ **Fuse** မကြာခဏပြတ်နေသည့်အတွက် အလောင်းမီးရှို့မရသဖြင့် အသုဘရှင်များ စိတ်ညစ်နေကြသည်။ **(NEJ 230409)**
- သရုပ်ဆောင် ဒါရိုက်တာ မောင်သုရ ခေါ် ဇာဂနာသည် ယခုလ (၁၆)ရက်နေ့ ည (၈) နာရီတွင် မြစ်ကြီးနား ထောင်ထဲ၌ သတိလစ်သွားပြီး ည (၁၁) နာရီခန့်မှ သတိပြန်လည်လာကာ ယခုအခါ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေသည်ဟု မိသားစုနှင့်နီးစပ်သူမှ ဆိုသည်။ **(NEJ/ RFA 230409)**
- ယခုလမှစတင်ကာ လူသစ်များကို ဒုက္ခသည်များအဖြစ် **UNHCR** က အသိအမှတ်ပြုပေးမည့် သတင်းများထွက်ပေါ်နေသည့်အတွက် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်းရှိ အကြီးဆုံး ဒုက္ခသည်စခန်း ၂ ခုဖြစ်သည့် မယ်လနှင့် အုန်းဖျန် ဒုက္ခသည် စခန်းများသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ထောင်နှင့်ချီသည့် လူများ ဒုက္ခသည်အသိအမှတ်ပြုခွင့်ရရှိရေး အတွက် နည်းမျိုးစုံဖြင့် ဝင်ရောက်ရန်ကြိုးပမ်းနေကြသဖြင့် စခန်းအခြေအနေ ရှုပ်ထွေးပြီး နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်နေသည်ဟု မယ်လစခန်းမှ ဒု–ဥက္ကဌ စောထွန်းထွန်းက ပြောသည်။ **(NEJ 230409)**
- ယနေ့ နံနက် (၁၁) နာရီကျော်ချိန်က တောင်ဒဂုံမြို့သစ် စက်မှုဇုန် အမှတ် (၁) တွင် မေယု ပဲလှော်ဂိုဒေါင်ကို မီးလောင် ကျွမ်းရာ ဂိုဒေါင်တစ်ခုလုံးနီးပါး ပျက်စီးသွားပြီး အဆုံးအရှုံးမှာ ကျပ် သိန်း (၅၀၀) အထက် ရှိနိုင်သည်ဟု ရန်ကုန်စီးပွားရေး လုပ်ငန်းရှင်တစ်ဦးက ခန့်မှန်းပြောဆိုလိုက်သည်။ **(NEJ 230409)**
- ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်တွင် ဖြစ်ပွဲခဲ့သည့် ၂ လောင်းပြိုင်လူသတ်မှု လူသတ်တရားခံအား ဖမ်းဆီးရမိပြီ ဟု ဗိုလ်တထောင် ရဲစခန်းနှင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့တို့မှ ဂျာနယ်များ၏ မေးမြန်းချက်ကို အတည်ပြုဖြေကြားခဲ့ သော်လည်း ပြည်တွင်း ဂျာနယ်များအနေဖြင့် သတင်းရေးသား ဖော်ပြခွင့်မပြုဘဲ ပိတ်ပင်ထားသည်။ **(Mizzima 230409)**
- လယ်အသိမ်းခံရသည်ကို **ILO** သို့ တိုင်းပေးသဖြင့် အဖမ်းခံရသူအတွက် အမှုလိုက်သူ ရှေ့နေ ကိုဖိုးဖြူအား ထောင်ဒဏ် ၄ နှစ် ချမှတ်ထားသည်ကို ယမန်နေ့က မကွေးခရိုင် တရားရုံး၌ အယူခံဝင်ခဲ့သည်။ **(Mizzima 230409)**
- တရုတ် သတ္တုတူးဖော်ရေး အုပ်စုကြီးတစ်ခုဖြစ်သည့် **China Non-Ferrous Metal Group (CNMC)** က မြန်မာနိုင်ငံ အထက်ပိုင်း မန္တလေးမြောက်ပိုင်း တစ်ကောင်းတောင် သတ္တုတွင်း စီမံကိန်းကို အမေရိကန် ဒေါ်လာ သန်း ၈၀၀ ဖြင့် တူးဖော်ခွင့်ရရှိသွားပြီဟု ယနေ့ထုတ် တရုတ်သတင်းစာကို ကိုးကား၍ **Alibaba.com** ၌ ဖော်ပြထားသည်။ **(Mizzima 230409)**
- နာဂစ်မုန်တိုင်း အပြင်းအထန် တိုက်ခိုက်ခံရသည့်ဒေသများတွင် တစ်နှစ်နီးပါး ကြာလာပြီဖြစ်သော်လည်း သောက်သုံးရေအပါအဝင် အကူအညီ အထောက်အပံ့များ အကြီးအကျယ် လိုအပ်နေဆဲ ဖြစ်သည်ဟု **Save the Children** အဖွဲ့ မြန်မာ ပြည်ဆိုင်ရာ ညွှန်ကြားရေးမှူး **Andrew Kirkwood** က ပြောသည်။ **(Irrawaddy 230409)**
- ပြည်တွင်း စီးပွားရေး လုပ်ငန်းများ ကျဆင်းနေ၍ အိမ်ခြံမြေ အရောင်း၊ အဝယ်၊ အငှား လုပ်ငန်းများ အရှုံးပေါ်ပြီး တချို့လုပ် ငန်းများ စတင်ရပ်ဆိုင်းနေပြီဟု ရန်ကုန်အခြေစိုက် အိမ်ခြံမြေ အကျိုးဆောင် ကုမ္ပဏီ အသိုင်းအဝိုင်းက ပြောသည်။ **(Irrawaddy 230409)**

- ယခုလ အစောပိုင်းမှစ၍ မြန်မာနိုင်ငံ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ အပါအဝင် နိုင်ငံအထက်ပိုင်းရှိ ညောင်ဦး၊ မင်းဘူး၊ ချောက်၊ အောင်လံ၊ မြင်းခြံစသည့်သည့် နေရာများတွင် အပူဒဏ်ပြင်းထန်စွာ ခံစားနေရသည်ဟု ဒေသခံများက ပြောသည်။ **(Irrawaddy 230409)**
- **NLD** ပါတီ ရုံးချုပ်၌ ယနေ့ပြုလုပ်သည့် သတ္တမအကြိမ်မြောက် လူငယ်စာဖတ်ဝိုင်းကို ပါတီဝင်လူငယ် ၅၀ ကျော်တက် ရောက်ပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်ဟု စာဖတ်ဝိုင်းတာဝန်ခံ ကဗျာဆရာ ဖျာပုံနီလုံဦးက ပြောသည်။ **(RFA 230409)**
- နာဂစ်မုန်တိုင်း ဒုက္ခသည်များအား ကူညီနေသည်ကို စစ်အစိုးရက မတရားအသင်း ဆက်သွယ်မှု ပုဒ်မများဖြင့် စွပ်စွဲကာ ထောင်ချလိုက်သည့် မရင်ရင်ဝိုင်း၊ မနီမိုလှိုင်နှင့် မတင်တင်ချိုတို့ကို ယခုလ ၂၂ နေ့က အင်းစိန်ထောင်မှ နယ်ဝေးထောင်သို့ ပြောင်းရွှေ့လိုက်သည်ဟု မိသားစုဝင်များက ပြောသည်။ **(RFA 230409)**
- ကမ္ဘာ့စီးပွားရေး ကျဆင်းမှုဂယက်ကြောင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သန်းနှင့်ချီ၍ အလုပ်လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် အလုပ်လက်မဲ့ ပြဿနာများ ဆက်ပြီး တိုးပွားနေဆဲဟု အလုပ်သမားရေးရာ ကျွမ်းကျင်သူများက ပြောသည်။ **(RFA 230409)**
- ယခုလ ၂၈၊ ၂၉ ရက်နေ့တွင် ပြုလုပ်မည့် **NLD** ပါတီ ပြည်နယ်နှင့် တိုင်း မြို့နယ်ပေါင်းစုံ ဆွေးနွေးပွဲအတွက် နယ်လှည့် ဖိတ်ကြားနေသည့် ပါတီဝင်များကို ဒေသဆိုင်ရာ အာဏာပိုင်များက တားဆီးနှောင့်ယှက်နေသည်ဟု ဆိုသည်။ **(RFA 230409)**
- ယခုလ ၁၈ ရက်နေ့က မွန်ပြည်သစ်ပါတီ ခရိုင်ကော်မတီဝင် နိုင်မင်းနောင်အား လုပ်ကြံခဲ့သည့် လူသတ်တရားခံများထဲမှ ၃ ဦးကို ဖမ်းဆီးရမိပြီး ၂ ဦး လွတ်မြောက်နေဆဲဖြစ်သည်ဟု မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် တစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ **(Kaowao 230409)**
- နအဖ ခြေလျင်တပ်ရင်း အမှတ် (၁၀၇) မှ စစ်တပ်သည် ပေါက်ကွင်းရွာကို မွန်သူပုန် နိုင်ချမ်းဒိန်းအဖွဲ့နှင့် ပတ်သက်မှုရှိသည်ဟု စွပ်စွဲကာ ရွာကိုမီးရှို့ဖျက်စီးခဲ့သည်ဟု ရွာသားများက ပြောသည်။ **(IMNA 230409)**
- မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် နှစ်နိုင်ငံတပ်ဖွဲ့များ အင်အားတိုးမြှင့်ပြီး ရင်ဆိုင်အသင့် အနေအထားဖြင့် တင်းမာမှု အသစ်များ ထပ်ဖြစ်နေသည်ဟု ယနေ့ထုတ် ဘင်္ဂလားဒေ့ရှ် သတင်းတချို့၌ ရေးသားဖော်ပြထားသည်။ **(DVB 230409)**
- မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့နယ် ဘန်းဒီးမြို့ ရှားဘတ်ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်း လုပ်သား ၃ ဦးသည် ပျက်ဆီးနေသည့် မြေအောက်ရေပိုက်အတွင်း ဝင်ရောက်ပြင်ဆင်ရာမှ အောက်စီဂျင်ပြတ်၍ လုပ်သားတစ်ဦး သေဆုံးပြီး ၂ ဦးကို ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသခံနေရသည်ဟု **Burma Campaign Malaysia** အဖွဲ့က ပြောသည်။ **(NMG 230409)**

ဧပြီလ (၂၄)

- တောင်ကိုးရီးယားနိုင်ငံမှ ၂၀၀၉ ခုနှစ် ဂွမ်ဂျူး **(GwangJu)** လူ့အခွင့်အရေးဆုကို ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင် ကိုမင်းကိုနိုင်အား ရွေးချယ်လိုက်သည်ဟု **NLD-LA** (ကိုရီးယားဌာနခွဲ) အတွင်းရေးမှူး ၂ ဖြစ်သူ ကိုဇော်မိုးအောင်က ပြောသည်။ **(Irrawaddy 240409)**
- မြန်မာနိုင်ငံရှိ အစိုးရတပ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၉ ဖွဲ့သည် ကလေးစစ်သားများ ဆက်လက်စုဆောင်းနေသည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က လုံခြုံရေးကောင်စီသို့ ယမန်နေ့က ပေးပို့သည့် အစီရင်ခံစာတစ်စောင်၌ ဖော်ပြထားသည်။ **(Irrawaddy 240409)**
- မြန်မာစစ်အစိုးရ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက စုံစမ်းနိုင်ရေးအတွက် တိုက်တွန်းပေးပါရန် အမေရိကန် ပြည်ထောင်စုရောက် ကရင်တိုင်းရင်းသူ မိုင်းရာဒါးဂေဖောက ကွန်ဂရက်လွှတ်တော်နှင့် အိုဘားမား အစိုးရကို ယနေ့ တိုက်တွန်းလိုက်သည်။ **(Irrawaddy 240409)**
- ရန်ကုန်မြို့အပါအဝင် မြို့ကြီးတချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေသဖြင့် သေဆုံးသူ အနည်းဆုံး ၆ ဦးခန့်ရှိပြီး ဆေးကုသမှု ခံယူနေရသူ ဦးရေစုစုပေါင်း ၄၀၀ ကျော်ခန့် ရှိနေပြီဟု ဆိုသည်။ **(Irrawaddy 240409)**
- ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်အမှု အယူခံကြားနာပေးရန် ဝန်ကြီးချုပ်ထံ မေတ္တာရပ်ခံခဲ့သော်လည်း အကြောင်းပြန်ကြားခြင်း မရှိသည့်အတွက် နအဖ အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တိုက်ရိုက်တင်ပြသွားရန် စဉ်းစားထားသည်ဟု ရှေ့နေကြီး ဦးကြည်ဝင်းက ပြောသည်။ **(NEJ 240409)**

- နာဂစ်ဒဏ်ခံခဲ့ရသည့် ကွမ်းခြံကုန်းမြို့ တောင်ဘက်လက်ခုပ်ကုန်း ကျေးရွာအုပ်စုမှ လယ်သမား၊ ပင်လယ်ငါးဖမ်း တံငါးသည် တချို့သည် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်း ရှားပါးလာသဖြင့် ရန်ကုန်မြို့သို့ တက်ရောက်ကာ ကြုံရာကျပန်း အလုပ်များ ဝင်ရောက်လုပ်ကိုင်နေကြသည်။ **(NEJ 240409)**
- ဆရာစံပလာဇာတွင် ကျင်းပနေသည့် နာဂစ်လွန်မြန်မာအနုပညာနှင့် ပန်းပုအရောင်းပွဲတော်တွင် ပန်းပုရုပ်များ မရောင်း သေးရန် ဗိုလ်ချုပ်ကြီးသိန်းစိန်က တားမြစ်ထားသည်။ **(NEJ 240409)**
- ယမန်နေ့ ညက ထုတ်လွှင့်သည့် မြဝတီရုပ်မြင်သံကြားအစီအစဉ်တွင် **KNU-KNLA** ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ စောဌေး မောင်က **KNU** အပေါ် စွပ်စွဲပြောဆိုချက်များ အခြေအမြစ်မရှိကြောင်း ပြန်လည်ဝင်ရောက်လာသူများက ပြန်လည် ရှင်းလင်းပွဲ တစ်ရပ်ပြုလုပ်ခဲ့သည်။ **(NEJ 240409)**
- ပြည်သူများ ငွေကြေးလဲလှယ်မှု အဆင်ပြေစေရန် ငွေစက္ကူအသစ်များ လဲလှယ်ထုတ်ပေးနေသည်ဟု ပြည်တွင်း မီဒီယာများ က ဖော်ပြထားသော်လည်း လက်တွေ့တွင် ငွေစက္ကူအကြွေများ အလွန်ရှားပါးနေသည်။ **(NEJ 240409)**
- ကလေးစစ်သား အသုံးပြုမှု အမှန်တကယ် ပပျောက်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ လက်နက်ကိုင်အဖွဲ့ အားလုံး မူဝါဒချမှတ်လုပ်ဆောင်မှသာ ဖြေရှင်းနိုင်မည်စု ထိုင်းအခြေစိုက် လူ့အခွင့်အရေး ပညာပေးဌာန (မြန်မာ နိုင်ငံ) **- HREIB** မှ ဒါရိုက်တာ ဦးအောင်မျိုးမင်းက ပြောသည်။ **(Mizzima 240409)**
- မြန်မာနိုင်ငံတွင် ဂိုလ်ဖ်တုစလောင်းများ ကျယ်ကျယ်ပြန့်ပြန့် တပ်ဆင်အသုံးပြုနေကြသဖြင့် ဂိုလ်ဖ်တုအရောင်းဆိုင် များ ရပ်ချိန်တန်ပြီဟု ရေးသားထားသည့် ဆောင်းပါးတစ်ပုဒ်ကို ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြ ထားသည်။ **(Mizzima 240409)**
- ယခုလ ၂၁ ရက်နေ့က ထိုင်းကျန်းမာရေးဝန်ကြီးဌာနသည် မယ်လဒုက္ခသည်စခန်းသို့ လာရောက်စစ်ဆေးပြီး ကြက် ငှက်တုတ်ကွေးရောဂါ ဖြစ်ပွားမည့် အလားအလာရှိနိုင်သည်ဟု ပြောကာ ယနေ့မှစ၍ စခန်းအုပ်ချုပ်ရေးမှူးက ကြက်မွေးမြူခြင်း ကို ပိတ်ပင်လိုက်သည်ဟု စခန်းအုပ်ချုပ်ရေးမှူး အခရဖန်ဖွန်စီက ပြောသည်။ **(NMG 240409)**
- ကရင်နီတပ်မတော်တွင် ကလေးစစ်သားအသုံးပြုမှု စာရင်းကို ကုလသမဂ္ဂမှ ပယ်ဖျက်ပေးရန် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ **(KNPP)** မှ ယခုလ ၂၈ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်ဟု **KNPP** အ ထွေထွေအတွင်းရေးမှူး ခူးဦးရယ်က ပြောသည်။ **(NMG 240409)**
- ရှမ်းပြည်မြောက်ပိုင်း နမ့်ဆမ်မြို့နယ်တွင် မတ်လ ၂၆ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လက်ဖက်ခင်း များ ပျက်စီးသွားပြီး ဒေသခံလက်ဖက်တောင်သူများ အခက်အခဲနှင့် ရင်ဆိုင်နေရသည်ဟု ပလောင် (တအာင်း) ကျောင်းသားနှင့် လူငယ်များအစည်းအရုံးက သတင်းထုတ်ပြန်လိုက်သည်။ **(NMG 240409)**
- မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်ကျေးရွာမှ ဆရာတော်ဦးအိန္ဒကသည် ၂၀၁၀ ရွေးကောက်ပွဲတွင် မွန်နိုင်ငံရေး ပါတီများ ဝင်ရောက်ယှဉ်ပြိုင်စေလိုသည်ဟု တိုက်တွန်းပြောကြားလိုက်သည်။ **(DVB 240409)**
- နာဂစ်လေဘေးဒုက္ခသည်များအတွက် နိုင်ငံခြားက လှူဒါန်းသည့် ဆန်အိတ် (၁) ထောက်နီးပါးကို အလွဲသုံးစားမှု ဖြင့် ဖျာပုံမြို့နယ် မယကရုံး တာဝန်ရှိသူတစ်ဦးနှင့် ဆန်ပွဲစားတစ်ဦးကို ရုံးတင်တရားစွဲလိုက်သည်။ **(DVB 240409)**
- ဒဂုံမြို့သစ်တောင်ပိုင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် ကိုကြည်လွင်ကို အာဏာပိုင်များက လွန်ခဲ့သည့်တစ်လ ကျော်က စာရွက်စာတမ်းလက်ဝယ်တွေ့ရှိမှုနှင့် ဖမ်းဆီးခဲ့ပြီး ပုဒ်မ(၅၀၅) (ခ)–အစိုးရ သို့မဟုတ် နိုင်ငံတော် ငြိမ်ဝပ် ပိပြားရေးကို ထိ ခိုက်စေမှုနှင့် တရားစွဲထားကာ ယမန်နေ့က ရုံးထုတ် စစ်ဆေးခဲ့ပါသည်။ **(DVB 240409)**
- မျိုးဆက်သစ်လူငယ်များအစည်းအရုံး **GW** အဖွဲ့ဝင် ကိုစောမောင်သည် အင်းစိန်ထောင်တွင် ခြေလက်ချိန်းပြီး ခန္ဓာကိုယ်အောက်ပိုင်း မလှုပ်ရှားနိုင်တော့သည့်အထိ ကျန်းမာရေးချွတ်ယွင်းနေသည်။ **(DVB 240409)**
- **An International and a Norwegian responsibility to protect Crimes Against Humnaity in Eastern Burma** "မြန်မာနိုင်ငံ အရှေ့ခြမ်း၌ ဖြစ်ပွားနေသည့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် ပတ်သက် ၍ နိုင်ငံတကာနှင့် နော်ဝေးနိုင်ငံတို့၏ တာဝန်ယူမှု" ဟူသည့် ဆွေးနွေးပွဲတစ်ရပ်ကို နော်ဝေးနိုင်ငံ ပါလီမန်၌ ယမန်နေ့က ပြုလုပ်ခဲ့သည်။ **(DVB 240409)**

ဧပြီလ (၂၅)

- ရှမ်းပြည်မြောက်ပိုင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ သွင်းကုန်လိုင်စင်ကိစ္စ အပါအဝင် တင်းကျပ်သည့် စည်းမျဉ်းသစ် တချို့ကို နယ်စပ်ကုန်သွယ်ရေးဌာနမှ ယခုလ ၇ ရက်နေ့က ချမှတ်ခဲ့သည့်အတွက် ကုန်သည်များ ဒုက္ခရောက်နေကြသည်ဟု မူဆယ်ကုန်သည်တစ်ဦးက ပြောသည်။ **(Mizzima 250409)**

- ၂၀၁၀ ရွေးကောက်ပွဲအတွက် ရခိုင်ပြည်နယ် အတွင်းရှိ ကျေးရွာရပ်ကွက် ရယက အဖွဲ့ဝင်များကို စစ်တပ်လိုလား သူများဖြင့် အစားထိုးပြင်ဆင်ဖွဲ့စည်းတော့မည်ဟု အမည်မဖော်လိုသည့် ခရိုင်ဝန်ထမ်းတစ်ဦးက ပြောသည်။ **(Narinjara 250409)**
- ယခုလ ၁၃ ရက်နေ့က ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီခါးမြို့နယ်ခွဲအပိုင် ဟိုင်ကျင်းကျေးရွာ၌ မြန်မာစစ်အစိုးရက လက်ခံထားသည့် မဏိပူရကသည်းလက်နက်ကိုင်များ အခမ့ ဝင်ရောက်နေထိုင်ခဲ့သဖြင့် ရွာသားများ ထွက်ပြေး ကြသည်။ **(DVB 250409)**
- အမေရိကန်မှ တင်ပြသည့် မလေးရှားသည် ထိုနိုင်ငံရောက် မြန်မာများကို အရောင်းအဝယ်သဘော လုပ်နေမှု ပြဿနာကို စုံးစမ်းမည်ဟု မလေးရှားဝန်ကြီးချုပ်မှ ကတိပြုသည်။ **(NYT 250409)**
- မြန်မာနှင့် ရထားဆက်သွယ်မှုရရန် ဘင်္ဂလားဒေ့ရှ်သည် တရုတ်၏ငွေနှင့် ကျွမ်းကျင်မှုအကူအညီကို တောင်းခံသည်။ **(Daily Star , DACCA 250409)**
- နအဖသည် နေပြည်တော်အတွက် လေယာဉ်ကွင်းသစ် ဆောက်နေကြောင်း ဆိုသည်။ **(Asiaone 250409)**

ဧပြီလ (၂၆)

- ရန်ကုန်တိုင်း တွံတေးမြို့နယ်တွင် ပြီးခဲ့သည့်အပတ်က ဝက်မွေးမြူရေးခြံများက ဝက်အတော်များများ ရုတ်တရက် သေဆုံးမှုဖြစ်ပွားခဲ့ကာ ဝက်သားစားသုံးမိသူ ဒေသခံအတော်များများလည်း ဝမ်းလျှော၊ အော့အန်၊ ဖျားနာမှုများ ယခုရက်ပိုင်းအတွင်း ခံစားနေရသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ **(DVB 260409)**
- ထောင်နှင့်ချီသည် မြန်မာနိုင်ငံသားများ မလေးရှားနိုင်ငံ၌ လူကုန်ကူးခံနေရသည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ မလေးရှား အစိုးရအနေဖြင့် စုံစမ်းဖော်ထုတ်ပေးမည်ဟု မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇာက လွန်ခဲ့သည့် သောကြာနေ့က ကတိပြု ပြောကြားလိုက်သည်ကို ကွာလာလာမ်ပူမှ လာသည့် **AP** သတင်းက ဖော်ပြထား သည်။ **(DVB 260409)**
- မေလ ၂၇ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်ကျခံ နေရသည်မှာ ၆ နှစ်ပြည့်တော့မည့် ဒေါ်အောင်ဆန်းစုကြည်ကို နောက်ထပ် ဘယ်လိုအကြောင်းပြချက်နှင့်မှ ဆက်လက်ထိန်းသိမ်းမှု မပြုလုပ်ရန်နှင့် အမြန်ဆုံးလွှတ်ပေးရန် မိတ္ထီလာမြို့နယ် **NLD** က နအဖကို တောင်းဆိုလိုက်သည်။ **(DVB 260409)**

ဧပြီလ (၂၇)

- ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် တပ်မဟာ (၆) နယ်မြေအတွင်းရှိ တပ်ရင်း (၂၀၁) ဝါလေခီးစခန်း အား သိမ်းပိုက်ရန်အတွက် **DKBA** တပ်ရင်း (၉၀၇)မှ အင်အား (၅၀) ခန့်သည် ယနေ့နံနက် (၁၀) နာရီခန့်၌ ထိုင်းနိုင်ငံအတွင်း မှ ပတ်၍ဝင်တိုက်ရန် ထိုင်းစစ်တပ်နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားကာ ထိုင်းစစ်သား (၂)ဦး ဒဏ်ရာ ပြင်းထန်စွာရရှိပြီး ထိုင်းရွာသား (၃၀၀) ခန့် ဘေးလွတ်ရာ ရွာပြင်ဘုန်းကြီးကျောင်းတွင် ခိုလှုံနေရသည်။ **(NEJ 270409)**
- မနက်ဖြန် ကျင်းပမည့် **NLD** စုံညီအစည်းအဝေးအတွက် ပြည်နယ်နှင့် တိုင်းများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းစည်းအဖွဲ့ဝင်များသည် ဒေသအာဏာပိုင်များ၏ နှောင့်ယှက်မှုမခံရဘဲ ရန်ကုန် **NLD** ရုံးချုပ်သို့ ရောက်ရှိ နေပြီဟု ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောသည်။ **(NEJ 270409)**
- ယနေ့မွန်းလွဲပိုင်းက လှူရှင်တော်ဇာဂနာကို မြစ်ကြီးနားအကျဉ်းထောင်မှ ထောင်ပြင်ဆေးရုံသို့ ထုတ်လာကာ ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်နေသည်ဟု မိသားစုဝင်တစ်ဦးက ပြောသည်။ **(NEJ 270409)**
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေးပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန်အတွက် ဥရောပသမဂ္ဂ **(EU)** က မြန်မာနိုင်ငံ အပေါ် ဒဏ်ခတ်ပိတ်ဆို့မှု နောက်ထပ် သက်တမ်း (၁)နှစ် ထပ်မံတိုးမြှင့်ရန် ယနေ့စီစဉ်နေသည်ဟု ဘရပ်ဆဲလ်က လာသည့် **AP** သတင်း၌ ဖော်ပြထားသည်။ **(NEJ 270409)**
- အများပြည်သူများ၏ စီးပွားရေးရိုက်ခတ်မှုကို ယခုနှစ်ရန်ကုန်မြို့ သင်္ကြန်တွင် ထင်ရှားစွာမြင်နေရသည်ဟု မြို့ခံများ က ပြောသည်။ **(NEJ 270409)**
- ထိုင်းနိုင်ငံ တောင်ပိုင်း ဖူးကက်မြို့ရှိ ပါသောင်ကမ်းခြေတွင် နှစ်သစ်ကူး သင်္ကြန်ကာလအတွင်းက ၅ ကြိမ်မြောက် ရခိုင်ရိုးရာပွဲ ပြုလုပ်ကျင်းပခဲ့သည်ဟု ဖူးကက်အခြေစိုက် လေးဝတီ မျိုးချစ်ရခိုင်လူမျိုးအသင်းဥက္ကဌ ကိုသန်းမောင် က ပြောသည်။ **(Irrawaddy 270409)**

- ယနေ့ကျရောက်သည့် နာမည်ကျော် သီချင်းရေးဆရာ စိုင်းခမ်းလိတ်၏ အသက် ၆ဝ ပြည့် မွေးနေ့အခမ်းအနားကို ရှမ်းတိုင်းရင်းသားများက ပြည်တွင်း၊ ပြည်ပတွင် ကျင်းပပြုလုပ်သည်။ **(Irrawaddy 270409)**
- ပဲခူးတိုင်း ဖြူးမြို့နယ် မြပဲခူးရွာမှ ကျေးရွာဥက္ကဋ္ဌ ဦးနီကွေးနှင့် ကညွတ်ကွင်းရဲစခန်း တာဝန်ရှိသူများမှ လွှန်ခဲ့သည့် ဖေဖော်ဝါရီလ (၂) ရက်နေ့က ရွာသား ကိုဇော်မင်းသိန်းကို ခိုးမှုဖြင့် အမှုဆင်ပြီး သူပိုင်ဆိုင်သည့် ပဲများကိုပါ သိမ်းယူသွားခဲ့သဖြင့် မိသားစုများ ဒုက္ခရောက်နေရသည်ဟု ဆွေးမျိုးနီးစပ်သူတစ်ဦးက ပြောသည်။ **(Yoma3 270409)**
- နာဂစ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ရခိုင်ပြည်နယ်ထွက် ဆားများကို ပြည်မသို့ တင်ပို့မှုပိုမိုများပြားလာသည်ဟု အမည်မဖော်လိုသည့် ဆားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ **(Narinjara 270409)**
- လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ထိုင်း–မြန်မာနိုင်ငံ ပထမအကြိမ် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ **(DVB 270409)**
- စစ်ကိုင်းတိုင်း မုံရွာခရိုင်၌ နွေရာသီတွင် နှစ်စဉ်နှစ်တိုင်း အပူချိန်မြင့်မားလေ့ရှိသော်လည်း ယခုနှစ်တွင် အလွန်ပူပြင်းလှသည်ဟု ဒေသခံများက ပြောသည်။ **(DVB 270409)**
- ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံး၌ မနက်ဖြန်ကျင်းပမည့် တိုင်းနှင့် ပြည်နယ်အစည်းအဝေးအတွက် ကြိုတင်ညှိနှိုင်းပွဲတစ်ရပ်ကို ယနေ့ကျင်းပခဲ့ရာ အာဏာပိုင်များက ရုံးပတ်ဝန်းကျင်တွင် လုံခြုံရေးများ ချထားသည်ဟု ပါတီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောသည်။ **(Mizzima 270409)**
- မန္တလေးတိုင်း အိုးဘိုထောင်ထဲတွင် ကိုယ်ဝန်ပျက်ကျခဲ့သူ မကေသီအောင်နှင့် မန္တလေးတိုင်းစည်း အဖွဲ့ဝင် ၂ ဦးအားအာဏာပိုင်များက ပြီးခဲ့သည့် လနှောင်းပိုင်းနှင့် ယခုလဆန်းအတွင်း နယ်ထောင်များဆီ ပြောင်းရွှေ့လိုက်သည်ဟု မိသားစုဝင်တစ်ဦးက ပြောသည်။ **(Mizzima 270409)**
- နအဖစစ်အုပ်စုက ကုလသမဂ္ဂနှင့် ဒီမိုကရေစီအင်အားစုများ မေတ္တာရပ်ခံချက်ကို လျစ်လျူရှုပြီး ၂ဝ၁ဝ ရွေးကောက်ပွဲကို အတင်းအကြပ်ဆက်လုပ်ရန် ဦးတည်နေသည့်လုပ်ရပ်ကို **KNU** က ပြစ်တင်ရှုတ်ချပြီး စစ်အုပ်စု၏လုပ်ရပ်အားမထောက်ခံ ရန် ကမ္ဘာ့အသိုင်းအဝန်းကို တောင်းဆိုလိုက်သည်။ **(DVB 270409)**
- နာဂစ်ဆိုင်ကလုံးဒဏ် ဆိုးရွားစွာ ခံခဲ့ရသော ဒေသတစ်ခုဖြစ်သည့် ဘိုကလေးမြို့တွင် ပြည့်တန်ဆာခန်းများ ပိုမိုများပြားလာနေသည်ဟု ဒေသခံများက ပြောသည်။ **(DVB 270409)**

ဧပြီလ (၂၈)

- ပြီးခဲ့သည့် ဧပြီလဆန်းပိုင်းက ဖိုလ်တစ်ထောင်မြို့နယ် ဖိုလ်တစ်ထောင်လမ်းသွယ် (၄) လမ်း တိုက်အမှတ် (၆–၈) (၄) လွှာ ယာဘက်ခြမ်းအခန်းတွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ တရားခံ (၂)ဦးအနက် တစ်ဦးဖြစ်သူ လေတပ်ဗိုလ်ကြီး ဖုန်းဇော်အေးကို ဖမ်းဆီးရမိပြီဟု ဖမ်းဆီးရာတွင် ပါဝင်ခဲ့သူ ကမာရွတ်ရဲစခန်းမှ အမည်မဖော်လိုသူရဲတစ်ဦးက ပြောသည်။ **(NEJ 280409)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီစုံညီ အစည်းအဝေးကို ယနေ့စတင်ပြီး ကချင်၊ ချင်း၊ စစ်ကိုင်းနှင့် တနင်္သာရီ စသည့် ပြည်နယ်နှင့် တိုင်းတို့မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က တင်ပြလာသည့် စာတမ်းများကို ပြန်လည်ဆွေးနွေးသွား ကြသည်ဟု ပါတီပြောခွင့်ရ ပုဂ္ဂိုလ် ဦးအုံးကြိုင်က ပြောသည်။ **(NEJ 280409)**
- ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ် အရှေ့ခြမ်းရှိ ချောင်း (၁၂) ချောင်းကို ပိတ်ကာ တည်ဆောက်ထားသည့် ဘော်ဘင်ဆည်မှ အထိန်းအကွပ်မရှိ ဆည်ရေလွှတ်နေမှုကြောင့် ဆည်မြောင်းပတ်လည်တစ်ကြော လယ်မြေများ မြက်ရိုင်းပေါက်တောထကာ (၃) နှစ်အတွင်း လယ်မြေဧက (၈ဝ) ကျော် ပျက်စီးခဲ့ပြီး ပိုမိုဆိုးဝါးလာမည်ကို စိုးရိမ်နေကြသည်ဟု ဒေသခံလယ်သမားများက ပြောသည်။ **(NEJ 280409)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က စုံညီအစည်းအဝေးကို ရွှေဂုံတိုင်ရှိ အဖွဲ့ချုပ်ရုံးတွင် ယနေ့စတင်ကျင်းပသည့်အတွက် ရန်ကုန်မြို့တွင် လုံခြုံရေးအတွက် ရဲများကို အင်အားပြ ချထားသည်ဟု မြို့ခံများက ပြောသည်။ **(NEJ 280409)**
- စစ်အစိုးရ တပ်မတော်တွင် အခြေခံတပ်သားသစ် စုဆောင်ရာ၌ အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး တစ်လလျှင်တစ်ယောက်စနှစ်ယောက်စသာ ရရှိသည်ဟု စစ်သားစုဆောင်းရေးရုံးမှ အရာထမ်းတစ်ဦးက ပြောသည်။ **(NEJ 280409)**
- ၂ဝ၁ဝ ရွေးကောက်ပွဲ ဥပဒေ ထွက်လာမှ ရွေးကောက်ပွဲ ဝင်ရေးမဝင်ရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ဆုံးဖြတ်မည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် အထူးအစည်းအဝေးမှ ဥက္ကဋ္ဌ ဦးအောင်ရွှေက ပြောကြားလိုက်သည်။ **(Irrawaddy 280409)**

- ဝမ်းပျက် ဝမ်းလျှောရောဂါ ဆက်လက်ဖြစ်ပွားနေသဖြင့် မြောက်ဉက္ကလာပမြို့နယ် ဆင်ခြေဖုံး ရပ်ကွက်များတွင် လမ်းဘေး ဈေးဆိုင်များ ဖွင့်ခွင့်ပိတ်ပင်ထားသည့်အတွက် ဒေသခံများ စားဝတ်ရေးအခက်အခဲနှင့် ရင်ဆိုင်နေရသည်ဟု ဒေသခံတစ်ဦး က ပြောသည်။ **(Irrawaddy 280409)**
- ထိုင်း–မလေးရှားနယ်စပ် လူကုန်ကူးခံရမှုအကြောင်းကို အမေရိကန် နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ အထက်လွှတ်တော် ကော်မတီ၏ လွှန်ခဲ့သည့်အပတ်က ထုတ်ပြန်သည့် မြန်မာနယ်ငံသား လူကုန်ကူးခံရသူများ အကြောင်း **"Trafficking and Extortion of Burmese Migrants in Malaysia and Southern Thailnad"** အစီရင်ခံစာ တစ်စောင် ထုတ်ပြန်ခဲ့သည်။ **(Irrawaddy 280409)**
- ယခုလ ၂၃ ရက်နေ့တွင် ပဲခူးတိုင်းအနောက်ခြမ်း ဇီးကုန်းမြို့နယ် တစ်ပင်တောင်အုပ်စု တောင်ရေကန်ကျေးရွာ လယ်သမားများထံမှ လယ်မြေငှားရမ်းခ တောင်းယူရာတွင် လယ်သမားများက တရားဝင်စာဖြင့် ပေးပို့ပြီး အသိအမှတ်ပြုပေးရန် တောင်ဆိုသည့်အပေါ် မြို့နယ် (မယက) ဥက္ကဋ္ဌ ဦးညွန့်စိုးက ရိုင်းရိုင်းစိုင်းစိုင်း ပြုမူဆက်ဆံခဲ့သဖြင့် ဒေသခံများ မကျေမနပ်ဖြစ်နေကြသည်။ **(Yoma3 280409)**
- ယခုလ ၂၄ ရက်နေ့က ချင်းပြည်နယ် ပလက်ဝမြို့နယ် ဘင်္ဂလားဒေ့ရှ်နယ်စပ် အနီးရှိ ပြိုင်စော်ရွာနှင့် မြောင်ရွာမှ ရယက ဥက္ကဋ္ဌ နှစ်ဦးနှင့် ရွာသားတစ်ဦးကို အမည်မသိ လက်နက်ကိုင်သမား ၁၁ ဦးက ပြန်ပေးဆွဲ ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ပြိုင်စော်ရွာ ဥက္ကဋ္ဌ၏ ဆွေမျိုးတော်စပ်သူတစ်ဦးက ပြောသည်။ **(Narinjara 280409)**
- ကချင်ပြည်နယ်နှင့် သျှမ်းပြည်နယ် ပေါင်းကူး ရွှေလီမြစ်ကူး ကြိုးတံတားဖွင့်ပွဲကို မနေ့က မနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့ရာ ၅ မြို့နယ်မှ ဒေသခံလူထုများ တက်ရောက်ရန် ဆင့်ခေါ်ခံခဲ့ရသည်ဟု မူဆယ်ဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 280409)**
- ရွှေတြိဂံ ဒေသဘိန်းရာဇာသစ်ဟု လူသိများသည့် နော်ခမ်းအဖွဲ့အား စစ်ဆင်ခြေမှုန်းခဲ့သည်ဟု ဆိုသည့် အနောက်ဘက်ခြမ်း မဲခေါင်မြစ်ကြောင်း တစ်လျှောက် အခြေစိုက်လှုပ်ရှားနေသည့် နအဖတပ်များသည် ဒေသခံလားဟူရွာသားများ၏ ကျွဲ၊ နွား၊ ကြက်၊ ဝက် များသာမက အိမ်သုံးပစ္စည်းဟူသမျှ အဖိုးအခမပေးဘဲ သိမ်းယူနေသည်ဟု လားဟူ အဖွဲ့ဖြစ်သည့် LDU ဥက္ကဋ္ဌ ဦးဂျဘိုးလုံက ပြောသည်။ **(S.H.A.N 280409)**
- ကမ္ဘာတလွှားတွင် ဝက်တုတ်ကွေးရောဂါ တားဆီးကာကွယ်ရေးများ ပြုလုပ်နေသော်လည်း အင်္ဂလား–မြန်မာနယ်စပ်တွင် စောင့်ကြည့်စစ်ဆေးမှု မရှိသေးဟု ဆိုသည်။ **(Mizzima 280409)**
- ဝက်တုတ်ကွေး သံသယရှိလူနာများကို ရန်ကုန်ဆေးရုံနှစ်ရုံဖြစ်သည့် ဝေဘာဂီဆေးရုံနှင့် ရန်ကုန်ဆေးရုံကြီး တို့တွင် ဆေးကုသနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေသည်။ **(Mizzima 280409)**
- ကုလသမဂ္ဂလက်အောက်ခံ ဌာနအဖွဲ့အစည်းများ၏ နှိုးဆော်မှုကြောင့် မြန်မာစစ်အစိုးရသည် ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးကြေညာချက်များကို အစိုးရပိုင် မီဒီယာများ၌ သိသိသာသာ ဖော်ပြလာနေပြီ ဖြစ်သည်။ **(DVB 280409)**

ဧပြီလ (၂၉)

- ယခုနှစ်တွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၌ နွေစပါးအထွက်နှုန်း တစ်ဝက်လျှော့ကျသဖြင့် ဘိုကလေးမြို့နယ်၊ ညီနောင်ဝ ကျေးရွာအုပ်စုရှိ လယ်သမားများက ပြောသည်။ **(NEJ 290409)**
- လာမည့် မေလ (၂) ရက်နေ့တွင် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည်မှာ (၁) နှစ် ပြည့်တော့မည်ဖြစ်သော်လည်း ဧရာဝတီတိုင်းအတွင်း သောက်သုံးရေ အခက်အခဲနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်ဟု ဒေသခံများက ပြောသည်။ **(NEJ 290409)**
- နိုင်ငံခြားတင်ပို့ရန် ဆန်ဝယ်ယူနေမှုများနေသဖြင့် ဆန်ဈေးနှုန်းများ တရိပ်ရိပ် မြင့်တက်နေသည်ဟု ဘုရင့်နောင် ဆန်ပွဲရုံတစ် ခုမှ ဆန်ကုန်သည်တစ်ဦးက ပြောသည်။ **(NEJ 290409)**
- တိုးတက်သော ကရင်ဗုဒ္ဓဘာသာအဖွဲ့ **(DKBA)** နှင့် နအဖ ပူးပေါင်းတပ်များ တိုက်ခိုက်မှုကြောင့် ကရင်အမျိုးသား လွတ် မြောက်ရေး တပ်မတော် တပ်မဟာ (၆) နယ်မြေအတွင်းရှိ တပ်ရင်း (၂၀၁) စခန်းကို **KNU** ဘက်မှ ယမန်နေ့ (၁၁) နာရီ ခန့်တွင် ယာယီစွန့်လွှတ်ခဲ့ရသည်ဟု (၂၀၁) ဒု–ရင်းမှူး ဗိုလ်ကြီးဘူးဖောက ပြောသည်။ **(NEJ 290409)**
- **Bijli** ဆိုင်ကလုန်းမုန်တိုင်း သတိပေးချက် ထုတ်ပြန်ကြေညာအပြီး နှစ်ရက်အကြာ တိုက်ခတ်လိုက်သော လေပြင်းဒဏ်ကြောင့် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာရှိ ဆံတော်ကြို ကျိုက်မွန်ထိုစေတီ ထီးတော်အထက် ပိန္နဲတိုင်ကွေးညွှတ်တိမ်းစောင်းသွားသော်လည်း သက်ဆိုင်ရာမှ ပြင်ဆင်မှုမရှိသေးဟု မြို့ခံများက ပြောသည်။ **(NEJ 290409)**

- ငြိမ်းချမ်းစွာ တစ်ကိုယ်တော် ဆန္ဒပြသူ ကျူရှင်ဆရာ ဦးအောင်ဖေကို ရန်ကုန်တိုင်း တွံတေးမြို့နယ် တရားရုံးက ခြေချုပ် ဖောက်ဖျက်မှုဖြင့် ယနေ့ ထောင်ဒဏ် ၁ နှစ် ချမှတ်လိုက်သည်။ **(Irrawaddy/ Mizzima 290409)**
- ၂၀၁၀ ရွေးကောက်ပွဲအတွက် အပစ်ခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များဖြစ်သည့် ကချင်လွတ် မြောက်ရေးတပ်မတော် **(KIA)**၊ ကချင်ဒီမိုကရေစီသစ် တပ်မတော် **(NDA-K)**၊ ကိုးကန့်တပ်ဖွဲ့၊ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) **(SSA-N)**၊ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ **(UWSP)** တို့နှင့် ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ကချင်လွတ် မြောက်ရေး အဖွဲ့ **(KIO)** ဒု–ဥက္ကဋ္ဌ **Gauri Zau Seng** က ပြောသည်။ **(Irrawaddy/ Mizzima 290409)**
- ထိုင်းမြန်မာနယ်စပ် မဲဆောက်မြို့တွင် တရားမဝင်မြန်မာအလုပ်သမားများအား ထိုင်းအာဏာပိုင်များက ယမန်နေ့မှစတင်၍ နေအိမ်များ၌ ရှာဖွေဖမ်းဆီးနေပြီး ယခုတစ်ကြိမ်သည် ယခင်အကြိမ်များနှင့်မတူဘဲ ပစ္စည်းများပါ သိမ်းယူသွားသည်ဟု မဲဆောက်ရှိမြန်မာပြည်သား အရေးလုပ်ရှားနေသူ ကိုမိုးကြိုးက ပြောသည်။ **(NMG 290409)**
- ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ဆေးကုသခွင့် အစီအစဉ်များ ရှိသော်လည်း တကယ်တမ်းလက် တွေ့တွင် ကုသခွင့်မရသည့်အပြင် ဆေးရုံအုပ်ဆရာဝန်ကြီး၏ ကုသရေးညံ့ဖျင်းမှုနှင့် လူနာများအပေါ် ဆက်ဆံရေးမကောင်းမှုများကြောင့် လူနာများမသေသင့်ဘဲ သေဆုံးနေရသည်ဟု ဒေသခံများက ပြောသည်။ **(Yoma3 290409)**
- ဘင်္ဂလားဒေ့ရှ် နိုင်ငံ၌ ထောင်ချခံခဲ့ရသည့် မြန်မာနိုင်ငံသား ၆၈ ဦးသည် ယမန်နေ့က လွတ်မြောက်လာပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီဟု မျက်မြင်တစ်ဦးက ပြောသည်။ **(Narinjara 290409)**
- ရခိုင်ပြည်နယ် မောင်တောမြို့ ရွှေဇားရပ်ကွက် ကပ်ပကောင်းရွာတွင် နစက တစ်ဦးနှင့် အရပ်သား အစ္စလာမ်ဘာသာဝင် တစ်ဦးရန်ဖြစ်ရာမှ ဓါးထိုးမှုအဖြစ် ကျူးလွန်ခဲ့သဖြင့် နှစ်ဦးစလုံးဒဏ်ရာရရှိပြီး မောင်တောဆေးရုံ တင်ခဲ့ရသည်ဟု မြို့ခံတစ်ဦးက ပြောသည်။ **(Narinjara 290409)**
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းယန်းမြို့ အာဏာပိုင်များ မော်တော်ဆိုင်ကယ် မောင်းလိုင်စင် လုပ်မေးမည်ဟုဆိုကာ ဒေသခံလူထုထံမှ ငွေထောင်ချီကောက်ခံပြီး ယာဉ်မောင်းခွင့်ကဒ်ပြား မထုတ်ပေးသေးဟု အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 290409)**
- ရန်ကုန်တိုင်း တွံတေးမြို့နယ်တွင် ထူးကဲစွာ ဝက်သေဆုံးမှုများ ဖြစ်ပေါ်နေရာ ဝက်တုပ်ကွေးရောဂါ စိုးရိမ်မှုကို မီးမောင်း ထိုးပေးလိုက်သလို ဖြစ်နေသည်။ **(Mizzima 290409)**
- မြန်မာနိုင်ငံ ဒေသအချို့တွင် ဖြစ်ပွားနေသည့် ဝမ်းပျက်ဝမ်းလျှော့ရောဂါသည် ကူးစက်မှုများပြားလာပြီး ကာလဝမ်းရောဂါ အသွင်ဆောင်လာသည်ဟု စစ်အစိုးရကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးပညာဌာန (ဗဟို) တာဝန်ရှိသူက ပြောသည်။ **(Mizzima 290409)**
- မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သော ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်သမားများသည် နာဂစ်မုန်တိုင်း ဖျက်ဆီးခံခဲ့ရပြီးနောက် တစ်နှစ်အကြာတွင် နောက်ထပ်ဘေးဒုက္ခ အန္တရာယ်တစ်ရပ်ဖြစ်သည့် ပိုးမွှားဖျက်ဆီးမှုနှင့် ကြုံနေရပြန်သည်။ **(Mizzima 290409)**
- နာဂစ်မုန်တိုင်းသင့် ဒေသများတွင် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ခွင့် ပြုရေးအပေါ် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် အမှတ် ၁ အခြေခံပညာဦးစီးဌာန အရာရှိများအကြား သဘောထားကွဲလွဲမှု ဖြစ်ပေါ်နေသည်။ **(Mizzima 290409)**
- မလေးရှားနိုင်ငံ ကွာလမ်လာပူမြို့ စီတာပတ် **(Setapak)** အရပ်တွင် မြန်မာဒုက္ခသည် ကချင်တိုင်းရင်းသားများ ကိုယ်ထူကိုယ်ထ ဖွင့်လှစ်ထားသည့်ကျောင်းမှ ကလေးငယ်များက နာဂစ်တစ်နှစ်ပြည့် အမှတ်တရ ရေးဆွဲထားသည့် ပန်းချီကားများနှင့် ပုံပြင် ၂၀ ကျော်ကို စာအုပ်အဖြစ် ထုတ်ဝေရောင်းရငွေ မလေးရှားရင်းဂစ် ၂၅၀၀ ကို ယမန်နေ့က **World Vision** မှတဆင့် ပေးပို့လှူဒါန်းခဲ့သည်။ **(Mizzima 290409)**
- ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ရည်စူးပြီး တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာ ၅၀ လောက်က ဇီးဖြူကုန်းရွာ အနောက်ဘက်၌ရှိသည့် ဖက်တရာသမိုင်းဝင်စေတီတော်တွင် သာသနာ့အလံများ၊ အောင်သပြေပန်းများ ကိုင်ဆောင်ပြီး ယမန်နေ့က သွားရောက်ဝတ်ပြုဆုတောင်းခဲ့ရာ အရပ်ဝတ် အာဏာပိုင်များက လာရောက်သိမ်းယူသွားသည်။ **(DVB 290409)**
- ဧရာဝတီတိုင်း လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ၌ နယ်မြေခံအာဏာပိုင် ရဝတများက ကမ်းစပ်ရှိ ဒေသခံရွာသားများ၏ အိမ်များကို ဖျက်သိမ်းခိုင်းသည့်အပြင် အကြောင်းအမျိုးမျိုးပြပြီး ငွေညှစ်နေသည်။ **(DVB 290409)**
- ထောင် ၄ နှစ် ကျခံနေရသည့် ရှေ့နေ ဦးဖိုးဖြူအတွက် လာမည့် မေလ ၇ ရက်နေ့တွင် ခရိုင်တရားရုံး၌ လျှောက်လဲချက်ပေးတော့မည်ဟု ဦးဖိုးဖြူ၏ အမှုလိုက်ရှေ့နေ ဦးမြင့်သွင်က ပြောသည်။ **(DVB 290409)**

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဌာနချုပ် ဗဟိုမှ ပြုလုပ်ကျင်းပသည့် တိုင်းနှင့် ပြည်နယ် စုံညီအစည်းအဝေးကို ချင်းပြည်နယ် အဖွဲ့ချုပ် အနေနှင့် မတက်ရောက်နိုင်ပေမယ့် ဆုံးဖြတ်ချက်အားလုံးကို ကြေညာလိုက်သည်။ **(DVB 290409)**
- အင်းစိန်ထောင်တွင် နေခဲ့စဉ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုမရသည့်အပြင် လမ်းလျှောက်ခွင့်လည်း အပြည့် အဝမရခဲ့ဟု ယမန်နေ့က ပြန်လွတ်လာသည့် လူငယ်ရှေ့နေ ကိုညီညီထွေးက ပြောသည်။ **(DVB 290409)**

==ဧပြီလ (၃၀)==

- အကယ်၍ စစ်အစိုးရက နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေကို သင့်တော်သည့် ပြင်ဆင် ချက်များပြုလုပ်ပေးလျှင် ၂၀၁၀ ရွေးကောက်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်လိုသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် က ပြောသည်။ **(Mizzima/ NEJ 300409)**
- ထိုင်း–မြန်မာနယ်စပ် အုပ်ဖျန်ဒုက္ခသည်စခန်းကို **DKBA** မှ ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးမည်ဟူသော သတင်းများ ထွက်ပေါ် နေသည့်အတွက် စခန်းတွင်း နေထိုင်သူ (၂၅၀၀၀) ခန့်မှာ ကျီးလန့်စာသကဲ့သို့ ဖြစ်နေကြသည်။ **(NEJ 300409)**
- ကမ္ဘာ့ဝက်တုပ်ကွေးရောဂါပိုး ပျံ့နှံ့နေသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် နိုင်ငံအသီးသီးမှ လေယာဉ် ဖြင့် ရောက်ရှိလာသည့် ခရီးသည်များအား မြန်မာနိုင်ငံ ကျန်းမာရေးဦးစီးဌာနက စစ်ဆေးမှုများ ပြုလုပ်လျက်ရှိ သည်။ **(NEJ 300409)**
- နာဂစ်မုန်တိုင်း ဒဏ်ခံရသည်မှာ တစ်နှစ်ပြည့်လုနီးဖြစ်သော်လည်း မုန်တိုင်းသင့်ဒေသများတွင် နေအိမ်အခက်အခဲ ရှိနေဆဲဖြစ်သည်ဟု ဖျာပုံမြို့နယ် ဒေသခံများက ဆိုသည်။ **(NEJ 300409)**
- ဝမ်းပျက် ဝမ်းလျှော ရောဂါကြောင့် မြန်မာပြည်အနှံ့ တစ်လအတွင်း သေဆုံးသူပေါင်း ၃၀ ခန့် ရှိခဲ့သော်လည်း ပြည်တွင်း ထုတ်ဂျာနယ်များတွင် သတင်းထုတ်ပြန်ခွင့် ပိတ်ပင်ခံနေရဆဲဖြစ်သည်ဟု ပြည်တွင်းသတင်းဂျာနယ်အ သိုင်းအဝိုင်းထံက ဆိုသည်။ **(Irrawaddy 300409)**
- နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသည့် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ် ဒေသတွင် ကလေးငယ်များ၏ ပညာရေးအတွက် အခက်အခဲ များစွာနှင့် ကြုံတွေ့နေရဆဲ ဖြစ်သည်ဟု ဒေသခံများက ပြောသည်။ **(Mizzima/ Irrawaddy 300409)**
- ထိုင်းနိုင်ငံ တောင်ပိုင်း ရနောင်းမြို့၌ လိင်ဖျော်ဖြေရေး အလုပ်လုပ်နေသည့် မြန်မာ မိန်ကလေး ၃၉ ဦးကို ထိုင်း လူဝင်မှုကြီး ကြပ်ရေးနှင့် စစ်တပ်များ ပူးပေါင်းပြီး ယခုလ ၂၈ ရက်နေ့တွင် ဖမ်းဆီးလိုက်သည်ဟု အမည်မဖော်လို သည့် ရနောင်းဒေသခံတစ်ဦးက ပြောသည်။ **(Irrawaddy 300409)**
- ယခုနှစ် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်မှု ပိုမိုများပြားလာသဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ကလော့သော့၊ ကမာဝက်၊ ယောင်းဒေါင်း၊ နီးပဒေါ် စသည့် ကျေးရွာများရှိ လူငယ်အများအပြားသည် စိတ်ကြွ ဆေးပြားများ ပိုမိုသုံးစွဲလာကြသည်ဟု ဒေသခံကျန်းမာရေးမှူးတစ်ဦးက ပြောသည်။ **(Kaowao News 300409)**
- ရခိုင်ပြည်နယ် မြို့တော်စစ်တွေတွင် ရေရှားပါး၍ ရပ်ကွက်အတော်တော်များများတွင် သောက်သုံးရေအခက်အခဲ နှင့် ရင်ဆိုင်နေရသည်ဟု အမည်မဖော်လိုသည့် မြို့ခံတစ်ဦးက ပြောသည်။ **(Narinjara 300409)**
- မောင်တောမြို့နယ် သရီကုန်းဘောင် ကျေးရွာမှ အသက် ၁၇ နှစ်အရွယ် ရခိုင်အမျိုးသမီးငယ် တစ်ဦးကို လုံခြုံရေး တာဝန် ယူထားသည့် နစက ဒုဗိုလ်အဆင့်ရှိ စောလွင်က အဓမ္မပြုကျင့်ခဲ့သည်ဟု ဆွေမျိုးတော်စပ်သူများက ပြော သည်။ **(Narinjara 300409)**
- ယခုလနှောင်းပိုင်း၌ နအဖ ဝန်ကြီးချုပ် ဗိုလ်သိန်းစိန် ကျိုင်းတုံ–မိုင်းယန်းသို့ခရီးထွက်စဉ် "လူထု အတွက်လိုင်းဖုန်း ရာချီချ ပေးမယ်၊ ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံတော်အကျိုးပြုသည့် ပါတီကိုသာ ထောက်ခံမဲပေးရမည်" ဟု ဌာနပေါင်းစုံဝန်ထမ်းနှင့် ထုထုကိုစည်းရုံးရန် သက်ဆိုင်ရာအာဏာပိုင်များကို မိန့်မှာခဲ့သည်ဟု အမည်မဖော်လို သည့် ဝန်ထမ်းတစ်ဦးက ပြောသည်။ **(S.H.A.N 300409)**
- ပြည်တွင်းထုတ် သတင်းဂျာနယ်များတွင် ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်သည့် ရေထွက်ပစ္စည်းတင်ပို့မှု ကိန်း ဂဏန်းများကို အတည်ပြုချက်မယူဘဲ ဖော်ပြခြင်းကို ငါးလုပ်ငန်းအဖွဲ့ချုပ်က ပိတ်ပင်တားမြစ်မှုများ ပြုလုပ်နေ သည်။ **(Mizzima 300409)**
- မလေးရှားရောက် မြန်မာအလုပ်သမားများ အရောက်စားခံနေရသည့် ကိစ္စအပါအဝင် မြန်မာနိုင်ငံသားများ မလေးရှားနှင့် ထိုင်းနယ်စပ်တွင် လူကုန်ကူးခံနေရသည့်ကိစ္စကို မလေးရှားအစိုးရအနေဖြင့် သေသေချာချာ စုံစမ်းဖော်ထုတ်ပေးရန် **AIPMC** လို့ခေါ်သည့် မြန်မာ့အရေးဆောင်ရွက်နေသော အာဆီယံလွှတ်တော် အမတ်များ အသင်းက ယနေ့ ကြေညာချက် ထုတ်ပြန်လိုက်သည်။ **(RFA 300409)**

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်ပိုင်း အပြောင်းအလဲ လုပ်သင့်မသင့်ဆိုသည့် ဆွေးနွေးမှုအပေါ် အငြင်းအပွား ဖြစ်ပေါ်ခဲ့သည်ဟု **NLD** ပဲခူးတိုင်း ဒု–ဥက္ကဋ္ဌ ဦးမြတ်လှက ပြောသည်။ **(DVB 300409)**

***End of report: Tuesday, May 05, 2009***

ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့် သုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။

***Documentation and Research Department- NDD***